


PHOTO: NRC

# CHAPTER 2 • 2015
# ROLES AND RESPONSIBILITIES

ဤအခန်းများတွင် သုံးစွဲထားသော စခန်းဟူသည့်အသုံးအနှုန်းသည် စခန်းများနှင့် စခန်းကဲ့သို့သောနေရာအမျိုးမျိုးကို ရည်ညွှန်းခြင်းဖြစ်ပြီး စနစ်တကျတည်ထောင်ထားသော စခန်းများ၊ နေရပ်စွန့်ခွာလာသူများကိုယ်တိုင် စုဝေးတည်ထောင်သော စခန်းများ၊ စုစည်းနေထိုင်ရာနေရာများ၊ ယာယီစခန်းများနှင့် ကယ်ဆယ်ရေးစခန်းများ ပါဝင်ပါသည်။

## အဓိက အချက်အလက်များ

- စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်း၏ အထွေထွေစီမံခန့်ခွဲမှုအတွက် တာဝန်ရှိသည်။ ၄င်းမှာ အကူအညီများ၊ ကာကွယ်စောင့်ရှောက်မှုများနှင့် ဝန်ဆောင်မှုများပေးခြင်းအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်နှင့် စောင့်ကြည့်ကြီးကြပ်ပေးရန်တို့ ပါဝင်သောကြောင့် ပါဝင်ပတ်သက်သူအမျိုးမျိုးနှင့် မိတ်ဖက်ပြုခြင်းကို ထိရောက်စွာတည်ဆောက်ရန် လိုအပ်သည်။
- စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ပွင့်လင်းမြင်သာပြီး စခန်းတွင် ပတ်သက်နေသူအားလုံးပါဝင်သည့် မိတ်ဖက်ဖွဲ့စည်းမှုကို ထူထောင်ရန်လိုအပ်သည်။ မကျေနပ်ချက်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်နှင့် ရရှိသောသင်ခန်းစာများအား ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ရန်အတွက် ထိရောက်၍ လက်လှမ်းမီနိုင်သောသတင်းပို့တိုင်ကြားခြင်းနှင့် ညွှန်းပို့စနစ်များပါဝင်သော စောင့်ကြည့်ကြီးကြပ်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုစနစ်များကိုဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများနှင့်အတူ ထူထောင်ခြင်းဖြင့် ယုံကြည်မှုနှင့် တရားဝင်တာဝန်ယူမှုတို့ ဖြစ်ထွန်းနိုင်ပေမည်။ ၄င်းသည် အထက်အောက်နှင့် ဘေးတိုက်အဆင့်များအကြား တာဝန်ခံယူမှုကိုလည်း သေချာစေသည်။
- စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ထိရောက်၍ ကိုယ်စားပြုမှုရှိသော စခန်းစီမံအုပ်ချုပ်မှုကို ထူထောင်ရန်နှင့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် စခန်း၏နေ့စဉ်ဘဝတို့တွင် စခန်းနေလူထု၏ပါဝင်မှုကို မြှင့်တင်ရန်လုပ်ဆောင်သည်။ ကောင်းစွာလုပ်ငန်းဆောင်ရွက်နေသော စခန်းအခြေအနေ ဖြစ်လာစေရန်မှာ စခန်းနေလူထု၏ ပါဝင်ဆောင်ရွက်မှုအပေါ် တည်မှီနေသည်။
- လူသားအရင်းအမြစ်များ လိုအပ်ချက်၊ စခန်းစီမံခန့်ခွဲမှုဝန်ထမ်းအဖွဲ့တွင် ပါဝင်သူများနှင့် ဖွဲ့စည်းပုံတို့မှာ စခန်းများ၏ အခြေအနေအရ ကွာခြားပေမည်။ ဝန်ထမ်းများထဲတွင် အမျိုးသမီးများနှင့် အခြားသော ထိခိုက်လွယ်သည့်အုပ်စုများမှ အဖွဲ့ဝင်များပါဝင်မှု၊ ရှင်းလင်းသောအခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ၊ သင်တန်းများပေးခြင်းနှင့် ဝန်ထမ်းများ ဖွံ့ဖြိုးတိုးတက်စေမှုတို့မှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီလုပ်ငန်းများ၏ အရည်အသွေးနှင့် တာဝန်ခံယူမှုတို့အတွက် အဓိကကျပေသည်။
- သတင်းအချက်အလက်များအား ထိရောက်စွာမျှဝေပေးခြင်းမှာ လုပ်ဆောင်မှုများ ထပ်တူဖြစ်နေခြင်းများမှ ရှောင်ရှားရန်၊ လစ်ဟာချက်များကို ဖြည့်ဆည်းပေးရန်နှင့် တစ်ပြေးညီ စောင့်ကြည့်ကြီးကြပ်၍ သတင်းပို့နိုင်ရန်အတွက် အဓိကသော့ချက်ဖြစ်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ဖေါ်ထုတ်တွေ့ရှိရသော လိုအပ်လစ်ဟာမှုများကို အာရုံစိုက်၍ ဖြေရှင်းပေးမည့် တုံ့ပြန်ဆောင်ရွက်မှုနည်းဗျူဟာနှင့် ချိတ်ဆက်နေသော စောင့်ကြည့်ကြီးကြပ်မှုစနစ်ကို လိုအပ်သည်။

## မိတ်ဆက်

### နေ့စဉ်လုပ်ငန်း

စခန်းတွင်း ညှိနှိုင်းအစည်းအဝေးတစ်ခု ကျင်းပမည့်နေရာမှ ၂၅မိနစ် အကွာအဝေးတွင် ရှိနေသည်။ စိတ်ဆိုးနေသော စခန်းလူထုမှာ ရုံး၏အပြင်ဖက်တွင် တန်းစီနေပြီး သူတို့နေထိုင်ရာအကွက်များတွင် ရေကြီးနေသည့်အကြောင်း ပြောဆိုလိုနေကြသည်။ အစားအစာဖြန့်ဝေသည့်အေဂျင်စီမှ ရရှိသည့် အစားအစာခွဲတမ်းမှာ လျော့နည်းလာနေသည်။ စခန်း၏ စားနပ်ရိက္ခာကော်မတီအား သတိပေးထားနိုင်ရန်အတွက် အစည်းအဝေးတစ်ရပ် အမြန်ဆုံးစီစဉ်ကျင်းပရန် လိုအပ်နေသည်။ ၄င်းတို့က စခန်းလူထုအား ဤလတွင် စားနပ်ရိက္ခာခွဲတမ်း အပြည့်အဝမရရှိနိုင်ကြောင်း အသိပေးရန်လိုသည်။ လစဉ် အစီရင်ခံစာတင်ပြရမည့်ရက်မှာ ယမန်နေ့က ဖြစ်သည်။ အလှူရှင်အဖွဲ့အစည်းမှ အဆင့်မြင့်ကိုယ်စားလှယ်သည် အစီအစဉ်မရှိဘဲ စစ်ဆေးရေးခရီးစဉ်အဖြစ် စခန်းသို့လာသည့်လမ်းတွင် ရောက်ရှိလာနေကြောင်း ရေဒီယိုတယ်လီဖုန်းမှ သတင်းရရှိသည်။ သင်၏ အထက်လူကြီးက သင့်အား ထိုခရီးစဉ်အတွက် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်စေလိုသည်။ သင်ဘာကို အရင်ဆုံးဆောင်ရွက်မည်လဲ။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီတွင် တာဝန်ထမ်းဆောင်နေကြသူများအဖို့ ဤ သရုပ်ဖော်ပြထားသည့် အနေအထားမျိုးမှာ များစွာ ထူးဆန်းသောအခြေအနေမျိုး မဟုတ်ပါ။ ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများနှင့် နယ်စပ်ဖြတ်ကျော်ဒုက္ခသည်စခန်းများတွင် နေ့စဉ်လုပ်ငန်းများက ဝန်ထမ်းများအား ဘက်ပေါင်းစုံသို့ ဦးတည်စေပြီး ရှင်းလင်းတိကျစွာ ဦးစားပေးသတ်မှတ်လုပ်ဆောင်စေနိုင်ခြင်း မရှိတတ်ပါ။

စခန်းစီမံခန့်ခွဲမှုလုပ်ငန်းများသည် စခန်းနေရာတွင် အတည်တကျဆောင်ရွက်ရသည့် ပုံစံအပြင် ရွေ့လျားအဖွဲ့အဖြစ် တစ်ခါတစ်ရံသာ လာရောက်ခြင်းအထိ ပုံစံမျိုးစုံရှိနိုင်သည်။ အစိုးရအာဏာပိုင်များ သို့မဟုတ် ပြည်တွင်းနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှာ စခန်း၏နေ့စဉ်စီမံခန့်ခွဲမှုအတွက် တာဝန်ယူရလေ့ရှိကြသည်။

ယေဘုယျအားဖြင့် အစုအဖွဲ့ သို့မဟုတ် ကဏ္ဍအလိုက် ဦးဆောင်အေဂျင်စီမှ စခန်းစီမံခန့်ခွဲမှုအေဂျင်စီတစ်ခုကို သတ်မှတ်တာဝန်ပေးအပ်သင့်သည်။ ၎င်းမှာ နိုင်ငံအာဏာပိုင်များနှင့် နီးစပ်စွာ ပူးပေါင်းလုပ်ဆောင်မှုမှ ဖြစ်ထွန်းလာသင့်သည်။ အချို့ ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသည့် အခြေအနေများတွင် နိုင်ငံအာဏာပိုင်များသည် အစုအဖွဲ့ သို့မဟုတ် ကဏ္ဍအလိုက် ဦးဆောင်မှုကို တာဝန်ယူနိုင်သည်။ အချို့အခြေအနေများတွင် အစုအဖွဲ့ သို့မဟုတ် ကဏ္ဍအလိုက် ဦးဆောင်အေဂျင်စီမှ စခန်းစီမံခန့်ခွဲမှုအေဂျင်စီတစ်ခု သတ်မှတ်တာဝန်ပေးအပ်ခြင်းမရှိဘဲ ထိုဒေသတွင် စွမ်းဆောင်ရည်နှင့် အရင်းအမြစ်များရှိနေပြီး လုပ်ငန်းဆောင်ရွက်နေဆဲဖြစ်သော အဖွဲ့အစည်းတစ်ခုမှ စခန်းအတွက် တုံ့ပြန်ဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ရခြင်း ဖြစ်တတ်သည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီကို မည်သူက ခန့်အပ်တာဝန်ပေးသည်ဖြစ်စေ ၎င်း၏လုပ်ငန်းများမှာ အမြဲလှုပ်ရှားနေပြီး ညှိနှိုင်းပြောင်းလဲနိုင်မှု၊ လျှင်မြန်စွာတွေးတောနိုင်မှု၊ တီထွင်ဖန်တီးနိုင်မှု၊ ဂရုတစိုက် အစီအစဉ်ရေးဆွဲနိုင်မှုတို့ကို များစွာလိုအပ်သည်။ နောက်ခံအခြေအနေကိုလိုက်၍ သီးခြားလုပ်ငန်းများမှာ ခြားနားနိုင်သော်လည်း စခန်းစီမံခန့်ခွဲမှုအေဂျင်စီတိုင်းတွင် စခန်းတွင်း၌ တာဝန်ယူရမည့် အဓိကအခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ ရှိသည်။ ၎င်းတို့ကို အောက်ပါအတိုင်း အမျိုးအစားခွဲခြားနိုင်သည်။

- စခန်းစီမံခန့်ခွဲမှုအေဂျင်စီအတွက် ဝန်ထမ်းများခန့်အပ်ခြင်း၊ သင်တန်းပေးခြင်း နှင့် ကြီးကြပ်ခြင်း
- အကူအညီများ၊ကာကွယ်စောင့်ရှောက်မှုနှင့်ဝန်ဆောင်မှုများပေးရန်အတွက်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့်စောင့်ကြည့်ကြီးကြပ်ခြင်း
- စခန်းစီမံအုပ်ချုပ်မှုနှင့် လူထုပါဝင်ဆောင်ရွက်မှု အစီအမံများထူထောင်၍ စောင့်ကြည့်ကြီးကြပ်ခြင်း
- စခန်းအခြေခံအဆောက်အဦများအား စောင့်ရှောက်ထိန်းသိမ်းထားရန် သေချာစေ၍ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည့် သက်ရောက်မှုများကို လျော့နည်းစေခြင်း
- သတင်းအချက်အလက်များကို စီမံခန့်ခွဲခြင်း
- သတင်းအချက်အလက်များကို ဖြန့်ဝေခြင်း

စခန်းညှိနှိုင်းဆောင်ရွက်မှုနှင့် စခန်းအုပ်ချုပ်မှုတို့နှင့်အတူ အရေးပေါ်အတွက် ပြင်ဆင်မှု၊ သဘာဝပတ်ဝန်းကျင်၊ ပြန်လည်ထွက်ခွာရန် နည်းဗျူဟာ၊ စခန်းပိတ်သိမ်းခြင်းနှင့် ရေရှည်တည်တန့်သော ဖြေရှင်းမှုတို့အတွက် နည်းဗျူဟာကျ အစီအစဉ်ရေးဆွဲရာတွင် ပါဝင်ခြင်း

### စုစည်းနေထိုင်ရာနေရာများရှိ ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများနှင့် အိမ်ရှင်လူထု

"စုစည်းနေထိုင်ရာနေရာများသည် အများအားဖြင့် မြို့ပြနှင့် မြို့ပြတစ်ပိုင်းဖြစ်နေသော နယ်မြေများတွင် တည်ရှိတတ်သောကြောင့် အိမ်ရှင်လူထုနှင့် ရွှေ့ပြောင်းနေထိုင်ကြသော မိသားစုများအကြား ပုံမှန်အားဖြင့် ခိုင်မာသော ချိတ်ဆက်မှုရှိတတ်သည်။ စုစည်းနေထိုင်ရာနေရာများတွင်နေထိုင်ကြသူများနှင့် အိမ်ရှင်လူထုတို့မှာ အိမ်နီးပတ်ဝန်းကျင်တစ်ခုတည်း၏ အစိတ်အပိုင်းများဖြစ်ကြသည်။ ထိုလူထုများအကြား အချိတ်အဆက်ရှိခြင်းကြောင့် နေ့စဉ်လုပ်ငန်းများကို ပုံမှန်ဖြစ်စေပြီး ကောင်းမွန်သောဆက်ဆံရေးကို ဖြစ်ပေါ်စေသည်။ စုစည်းနေထိုင်ရာနေရာများကို စီမံခန့်ခွဲသူများသည် ထိုဆက်နွယ်မှုများကို နီးကပ်စွာ စောင့်ကြည့်ပြီး အပြုသဘောဆောင်သော တိုးတက်မှုများရရှိလာအောင် ပံ့ပိုးပေးသင့်သည်။"
(စုစည်းနေထိုင်ရာနေရာများအတွက် လမ်းညွှန်ချက်များ၊ UNHCR/IOM၊ ၂၀၁၀၊ စာမျက်နှာ ၂၄)

☛ "စုစည်းနေထိုင်ရာနေရာများ စီမံခန့်ခွဲမှုအတွက် နောက်ထပ်သိလိုသောအချက်များရှိပါက ဤအခန်း၏ ရည်ညွှန်းစာအုပ်များအပိုင်းတွင်ပါဝင်သည့် စုစည်းနေထိုင်ရာနေရာများအတွက် လမ်းညွှန်ချက်များတွင် လေ့လာနိုင်သည်။

ကျေးလက်နှင့်မြို့ပြ ရွှေ့ပြောင်းနေထိုင်ရာနေရာများ၏ခြားနားချက်က စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ သဘာဝနှင့် သီးခြားအခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများအပြင် ချဉ်းကပ်ဆောင်ရွက်ပုံနှင့် အသုံးပြုမည့် လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းတို့အပေါ် လွှမ်းမိုးပေလိမ့်မည်။

စခန်းများသည် ပိုမိုကျယ်ပြန့်သော လူသားချင်းစာနာထောက်ထားမှု နောက်ခံအခြေအနေ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ပေါ်တွင် သိသာသောသက်ရောက်မှုရှိကာ အိမ်ရှင်လူထု၊ သဘာဝအရင်းအမြစ်များနှင့် အခြေခံအဆောက်အဦတို့၏ စွမ်းဆောင်နိုင်ရည် ကန့်သတ်ချက်အတိုင်းအတာအထိ ရောက်သည့်တိုင် တိုးချဲ့သုံးစွဲရလေ့ရှိသည်။ အကူအညီများအား ညှိနှိုင်းဆောင်ရွက်ခြင်း၊ စခန်းအဆင့်တွင် ပါဝင်ပတ်သက်သူများနှင့် ကောင်းမွန်သောဆက်ဆံရေးနှင့် မိတ်ဖက်ဖွဲ့မှုကို ထူထောင်ခြင်းတို့အပြင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းညှိနှိုင်းစီမံဆောင်ရွက်မှု (CCCM) အစုအဖွဲ့မှ လုပ်ငန်းများဆောင်ရွက်နေသည့်အခါ အဖွဲ့ဝင်အနေဖြင့် စခန်းများအကြားနှင့် ဒေသအဆင့်ညှိနှိုင်းမှုများ၌ ပါဝင်သင့်သည်။ စခန်းအဆင့်၌ မဖြေရှင်းနိုင်သည့်ပြဿနာများကို စခန်းညှိနှိုင်းစီမံဆောင်ရွက်မှုအစုအဖွဲ့၊ ကဏ္ဍဦးဆောင်အေဂျင်စီထံ ညွှန်းပို့တင်ပြသင့်သည်။

လုပ်ရှားဆောင်ရွက်နေသူအားလုံး၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများမှာ ရှင်းလင်းစေသင့်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီတွင် ရှုပ်ထွေးမှုမရှိဘဲ ပွင့်လင်းမြင်သာပြီး အောက်ခြေမှ လိုအပ်ချက်များနှင့် ကိုက်ညီသည့် လုပ်ငန်းတာဝန် ရည်ညွှန်းသတ်မှတ်ချက်ရှိရန်လိုသည်။ ၎င်းတွင် လိုအပ်သောလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် (ဘဏ္ဍာငွေနှင့် လူသားအရင်းအမြစ်နှစ်ရပ်လုံးအတွက်) လုံလောက်သော စွမ်းဆောင်ရည် ရှိရမည်။

- စခန်းအတွက် တုံ့ပြန်ဆောင်ရွက်ပေးရာတွင် အဓိကလှုပ်ရှားဆောင်ရွက်သူများ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို ပိုမိုသိရှိလိုပါက အခန်း (၁) မှ စခန်းစီမံခန့်ခွဲမှုအကြောင်းတွင် လေ့လာနိုင်သည်။
- စခန်းညှိနှိုင်းစီမံဆောင်ရွက်မှု (CCCM) အစုအဖွဲ့နှင့် ဆက်စပ်လျှက် စခန်းစီမံခန့်ခွဲမှု အေဂျင်စီအတွက် လုပ်ငန်းတာဝန် ရည်ညွှန်းသတ်မှတ်ချက်များအကြောင်း ပိုမိုသိရှိလိုပါက ဤအခန်းမှ လုပ်ငန်းလမ်းညွှန်များ (Tools) အပိုင်းတွင် လေ့လာနိုင်သည်။

**သင်ဘာကို အရင်ဆုံး ဆောင်ရွက်မည်လဲ။**

အထက်တွင်ဖေါ်ပြခဲ့သော အခြေအနေမျိုးကို တွေ့ကြုံရပါက ကိစ္စအားလုံးကို ကောင်းမွန်စွာကိုင်တွယ်၍ တုံ့ပြန်ဆောင်ရွက်ပေးနိုင်ရန်အတွက် အောက်ပါတို့ကို လျင်မြန်စွာဖြင့် တစ်ပြိုင်တည်းမှာပင် တည်ငြိမ်အေးဆေးစွာဖြင့် ဆောင်ရွက်ရန် အရေးကြီးသည်။

၁။ အပူတပြင်းဖြစ်နေသော အကြောင်းကိစ္စများကို ခြုံငုံသုံးသပ်ရန်နှင့် ဝန်ထမ်းနှင့်မိတ်ဖက်များ ချက်ချင်းရရှိနိုင်ရန်
၂။ ဦးစားပေးသတ်မှတ်ရန်
၃။ အဖွဲ့ဝင်များနှင့် မိတ်ဖက်များအကြား တာဝန်များခွဲဝေရန်
၄။ လုပ်ဆောင်ရန်

## အဓိကအရေးကိစ္စများ

### စခန်းစီမံခန့်ခွဲမှုအေဂျင်စီ ဝန်ထမ်းများ ခန့်အပ်ခြင်း၊ သင်တန်းပေးခြင်း နှင့် ကြီးကြပ်ခြင်း

**စခန်းစီမံခန့်ခွဲမှု အေဂျင်စီ ဝန်ထမ်းများ**

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အထက်ပါတာဝန်ဝတ္တရားများအား သင့်လျော်မှန်ကန်သောဝန်ထမ်းများ ရှိနေမှသာ ဆောင်ရွက်နိုင်ပေမည်။ ထို့ကြောင့် ဝန်ထမ်းများခန့်အပ်ခြင်းကို အာရုံစိုက်၍ဆောင်ရွက်ရန်နှင့် ဝန်ထမ်းများအတွက် သင်တန်းများပေးခြင်းအတွက် ရင်းနှီးမြှုပ်နှံရန် အရေးကြီးသည်။ စခန်းအခြေအနေတစ်ခုစီအတွက် ဝန်ထမ်းပါဝင်မှု သို့မဟုတ် ဖွဲ့စည်းပုံလိုအပ်ချက်များမှာ မတူညီကြပါ။ အေဂျင်စီ၏ အဓိကဝန်ထမ်းများနှင့် ၎င်းတို့၏စွမ်းဆောင်ရည်က နေ့စဉ်လုပ်ငန်းများ၏ထိရောက်မှုကို များစွာဆုံးဖြတ်ပေးနိုင်သည်။ အခြေအနေအများစုတွင် ကွဲပြားခြားနားသော လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရန် ရှိနေတတ်ပြီး ကျွမ်းကျင်မှုမျိုးစုံကို လိုအပ်လေ့ရှိသည်။ သတင်းအချက်အလက်စီမံခန့်ခွဲမှု၊ ဆောက်လုပ်ရေး၊ ရေနှင့်

ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ပြည်သူလူထုအား စည်းရုံးနှိုးဆော်ရေး၊ သင်တန်းပေးခြင်း စသည်တို့အားလုံးအတွက် ကျွမ်းကျင်မှုများ လိုအပ်နိုင်သည်။ စခန်းလူဦးရေ၏ ကျားမ အချိုးအစားပေါ်မူတည်၍ အဖွဲ့များတွင် ကျားမ မျှတစွာပါဝင်ရန်နှင့် ဖြစ်နိုင်ပါက ပါဝင်ခွင့်ရရန် ခက်ခဲတတ်သည့် အုပ်စုများမှ ကိုယ်စားလှယ်များ ပါဝင်သေချာစေရန် အရေးကြီးသည်။ ထို့ပြင် စိန်ခေါ်မှုများစွာရှိတတ်သော အခြေအနေများတွင် လျှို့ဝှက်ချက်ထိန်းသိမ်းပေးရမည့် သတင်းအချက်အလက်များအား သတိရှိစွာဖြင့် မှန်ကန်စွာဆုံးဖြတ်စီမံဆောင်ရွက်နိုင်ရန် လုံလောက်သောအတွေ့အကြုံနှင့် အရည်အသွေးပြည့်ဝသူများကို ခန့်ထားနိုင်ရန်လည်း အရေးကြီးသည်။

### ဝန်ထမ်းများ၏ အဓိက အရည်အသွေးများတွင် အောက်ပါတို့ ပါဝင်သည်။

- ➔ တာဝန်ယူဆောင်ရွက်ရန် ဆန္ဒနှင့် စွမ်းဆောင်ရည်ရှိခြင်း
- ➔ ပွင့်လင်း၍ အားလုံးပါဝင်စေသောနည်းလမ်း အသုံးပြုဆောင်ရွက်နိုင်ခြင်း
- ➔ ဦးစားပေးရန်လုပ်ငန်းကို ရွေးချယ်နိုင်၍ အစီအစဉ်ချမှတ်ဆောင်ရွက်နိုင်ခြင်း
- ➔ ဆက်သွယ်ရေးနှင့် ညှိနှိုင်းရေးဆိုင်ရာ ကျွမ်းကျင်မှုရှိခြင်း
- ➔ ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းနိုင်၍ အများသဘောတူညီမှုရရန် စွမ်းဆောင်နိုင်ခြင်း
- ➔ တီထွင်ဖန်တီးနိုင်ခြင်း၊ လိုက်လျောညီထွေဆောင်ရွက်နိုင်ခြင်းနှင့် ဖြေရှင်းမှုရရှိရေးကို ဦးတည်နိုင်ခြင်း
- ➔ ပြည်သူလူထုအား စည်းရုံးနှိုးဆော်ရေးနှင့် ပါဝင်ဆောင်ရွက်လာစေရေးအတွက် အပြုသဘောဆောင်သောနည်းလမ်းဖြင့် ကြိုတင်သိမြင်ဆောင်ရွက်နိုင်ခြင်း
- ➔ အစဉ်ပြောင်းလဲနေသော ပတ်ဝန်းကျင်တွင် ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိသော စိန်ခေါ်မှုများအတွက် လျင်မြန်စွာ လိုက်လျောညီထွေ ကိုင်တွယ်ဆောင်ရွက်နိုင်စွမ်းရှိခြင်း

စခန်းစီမံခန့်ခွဲမှုအေဂျင်စီဝန်ထမ်းသည် နောက်ခံအခြေအနေကိုလိုက်၍ ရေနှင့် သန့်ရှင်းရေး၊ ပညာရေး စသည်ဖြင့် စခန်းတစ်ခု၏ ကွဲပြားသောကဏ္ဍများအတွက် နည်းပညာဆိုင်ရာ နားလည်သိရှိမှုများလည်း လိုအပ်နိုင်သည်။ ဤသည်မှာ ဝန်ဆောင်မှုပေးသူများ ရရှိနိုင်မှု၊ အရည်အသွေးနှင့် စွမ်းဆောင်ရည်တို့ပေါ်တွင်လည်း မူတည်သည်။

**အောင်မြင်သော အဆက်အသွယ်များ တည်ဆောက်ရန်အတွက် လေးစားမှုမှာ အဓိကအချက်ဖြစ်သည်။**
စခန်းတစ်ခုတွင် ဝန်ထမ်းအားလုံးသည် စခန်းနေလူထုနှင့် ကောင်းမွန်၍ လေးစားမှုရှိသော ဆက်သွယ်ရေးကို ထူထောင်ရမည်။ လူထု၏ ကာကွယ်စောင့်ရှောက်မှု နှင့် အကူအညီလိုအပ်ချက်များကို ဂုဏ်သိက္ခာရှိစေပြီး ခွဲခြားဆက်ဆံမှု မရှိဘဲ ပွင့်လင်းမြင်သာသောနည်းလမ်းဖြင့် နားထောင်၍ တုံ့ပြန်ဖြည့်ဆည်းပေးခြင်းဖြင့် ယုံကြည်ဆက်သွယ်မှုရရန် ဆောင်ရွက်ရပါမည်။

### ခန့်အပ်တာဝန်ပေးခြင်း

စခန်းစီမံခန့်ခွဲမှုအေဂျင်စီဝန်ထမ်းများသည် အေဂျင်စီ၏အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများအား မည်သို့ထမ်းဆောင်ရမည်ကို သိထားရန်လိုသည့်အပြင် ဆက်နွယ်နေသော တန်ဖိုးထားမှုနှင့် အခြေခံမူတို့ကိုလည်း သိထားရပေမည်။ ကြားနေခြင်း၊ ခွဲခြားဆက်ဆံမှုမပြုခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ လျှို့ဝှက်ချက်ထိန်းသိမ်းပေးခြင်းနှင့် လူသားဆန်ခြင်းတို့မှာ အရေးကြီးဆုံး အချက်များဖြစ်သည်။ ဝန်ထမ်းများကို ၎င်းတို့၏အရည်အချင်းနှင့် စခန်းနေပြည်သူများနှင့်ဆက်သွယ်မှု နှစ်မျိုးလုံးအပေါ် မူတည်၍ ဂရုစိုက်ရွေးချယ်ရမည်။

ယေဘုယျအားဖြင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီတစ်ခုသည် စီမံချက်၏ စီမံဝန်ထမ်းများမှအပ အခြားဝန်ထမ်းများကို မတူညီသော အုပ်စုသုံးမျိုးမှ ရွေးချယ်ခန့်အပ်နိုင်သည်။ ၎င်းတို့မှာ အိမ်ရှင်လူထုထဲမှ၊ အိမ်နီးချင်းနိုင်ငံများအပါအဝင် အခြားလူမျိုးများထဲမှနှင့် စခန်းလူထုထဲမှ ဖြစ်သည်။ မည်သူကို ရွေးချယ်သည်ဖြစ်စေ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းလူထုအပေါ် သက်ရောက်နိုင်ခြေကို အမြဲသုံးသပ်လေ့လာရမည်။ အရည်အသွေးပြည့်ဝန်ထမ်းများကိုခန့်အပ်ရန်မှာ ဝေးလံသော ကျေးလက်ဒေသထက် မြို့ပြများတွင် ပိုမိုလွယ်ကူနိုင်ပေသည်။

## သင်တန်းပေးခြင်း

သင်တန်းပေးခြင်းမှာ စဉ်ဆက်မပြတ်ဆောင်ရွက်နေသော လုပ်ငန်းဖြစ်သင့်ပြီး အစီအစဉ်တကျသင်တန်းနှင့် သာမန်သင်တန်း နှစ်မျိုးလုံး ဆောင်ရွက်နိုင်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ဝန်ထမ်းများအနေနှင့် တိကျသောတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် တာဝန်ရှိသည်။ လိုအပ်ပါက အေဂျင်စီသည် အစုအဖွဲ့ ဦးဆောင်အေဂျင်စီထံမှ သင်တန်းအတွက် အကူအညီတောင်းနိုင်သည်။ ဤလက်စွဲစာအုပ်တွင်ပါရှိသော စခန်းစီမံခန့်ခွဲမှုနှင့် တိုက်ရိုက်သက်ဆိုင်သည့် အကြောင်းအရာများအပြင် ဝန်ထမ်းများသည် အောက်ပါသင်တန်းများကိုလည်း ရရှိသင့်သည်။

- ညှိနှိုင်းဆောင်ရွက်မှုနှင့် အစည်းအဝေး စီစဉ်ကျင်းပခြင်း
- ပဋိပက္ခများ ကြားဝင်ဖြန်ဖြေခြင်း
- အားလုံးလိုက်နာရမည့် ကျင့်ဝတ်စည်းမျဉ်းများ
- တွေ့ဆုံမေးမြန်းခြင်းနှင့် ကြည့်ရှုလေ့လာခြင်းနည်းလမ်းများ
- စောင့်ကြည့်ကြီးကြပ်ခြင်း၊ အစီရင်ခံခြင်းနှင့် မှတ်တမ်းတင်ခြင်း (စဖီးယားစံနှုန်းအရ သို့မဟုတ် ဤ စခန်းစီမံခန့်ခွဲမှု လက်စွဲစာအုပ်ကဲ့သို့ ကောင်းမွန်သည့် ဆောင်ရွက်မှုအလေ့အထဆိုင်ရာ လမ်းညွှန်များအရ)
- ထိခိုက်လွယ်မှုအမျိုးအစားများနှင့် အထူးစောင့်ရှောက်မှု လိုအပ်သူများ (ထိုသူများအတွက် လိုအပ်နိုင်သည့် အထူးအကူအညီများကို မှတ်သား၍)
- ကာကွယ်စောင့်ရှောက်မှု၊ လူ့အခွင့်အရေးနှင့် ကျားမ လူမှုကဏ္ဍကွဲပြားမှုကို သိနားလည်ခြင်း
- လျှို့ဝှက်ချက်ထိန်းသိမ်းခြင်းနှင့် ပွင့်လင်းမြင်သာခြင်း
- ပြည်သူလူထုအား စည်းရုံးနိုးဆော်ခြင်းနှင့် အားလုံးပါဝင်ဆောင်ရွက်သည့်နည်းလမ်းများ
- ကဏ္ဍအားလုံးနှင့်သက်ဆိုင်သော အရေးကိစ္စများကို ထည့်သွင်းပါဝင်စေခြင်း

## ကြီးကြပ်ခြင်း

စခန်းတစ်ခုအား ကြီးကြပ်နိုင်ရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီဝန်ထမ်းသည် လိုအပ်သင့်လျော်သည့်သင်တန်း ရရှိထားပြီး ကြီးကြပ်ပေးမှုကိုလည်း ရရှိရမည်။ ၎င်းတို့၏ အခန်းကဏ္ဍ၊ တာဝန်ဝတ္တရားများနှင့် ရွှေ့ပြောင်းနေထိုင်ရသူများ၏ အခွင့်အရေးတို့ကို သိရှိသည့်အပြင် ဝန်ထမ်းများသည် အထက်တွင် ဖော်ပြခဲ့သည့် ဝန်ထမ်းများ၏ အရည်အသွေးများအတိုင်း တိကျသောခံယူချက်များဖြင့် ဆက်သွယ်ဆောင်ရွက်ရမည်၊ လုပ်ငန်းများကို မည်သို့ဆောင်ရွက်ရမည်ကိုလည်း သိရှိရမည်။

ဝန်ထမ်းအဆင့်အားလုံးအတွက် ရှင်းလင်းသောတာဝန်ဝတ္တရား ရည်ညွှန်းဖော်ပြချက် (Terms of Reference) နှင့် လုပ်ငန်းအစီအစဉ်များ ချမှတ်ထားရမည်။ ကြီးကြပ်သူနှင့် ဝန်ထမ်းများအကြားနှင့် စခန်းမှစေတနာ့ဝန်ထမ်းများနှင့် လုပ်ကိုင်ရသည့်အခါများအတွက် အပြန်အလှန်မျှော်လင့်ထားမှုများကို ရှင်းပြထားရမည်။ ကြီးကြပ်မှုမှာ နည်းလမ်းအမျိုးမျိုး ဖြစ်နိုင်ပြီး အောက်ပါတို့ ပါဝင်နိုင်သည်။

- လုပ်ငန်းခွင်သင်တန်းအနေနှင့် သရုပ်ပြသင်ကြားခြင်း
- အတွေ့အကြုံရှိသူဝန်ထမ်းနှင့် ဝန်ထမ်းအသစ် နှစ်ဦးတွဲ လုပ်ဆောင်ခြင်း (mentoring)
- အဖွဲ့အစည်းအဝေးများ မှန်မှန်ကျင်းပခြင်း
- သီးခြားအကြောင်းအရာများအတွက် ပြန်လည်ဆွေးနွေးမှုများ မှန်မှန်ပြုလုပ်ခြင်း
- လုပ်ဆောင်ချက် အကဲဖြတ်မှုများ (Performance Appraisal) ကို အချိန်ကာလ သတ်မှတ်ဆောင်ရွက်ခြင်း
- စာဖြင့်ရေးသား အစီရင်ခံခြင်းများ

ကြီးကြပ်ခြင်း၏ ရည်ရွယ်ချက်မှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ တာဝန်ဝတ္တရားများဆောင်ရွက်ရာတွင် ရွှေ့ပြောင်းနေထိုင်ရသူများ၏ လိုအပ်ချက်များကို အစဉ်တုံ့ပြန်ဆောင်ရွက်ပေးပြီး အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးကြောင်း သေချာစေရန်ဖြစ်သည်။

## ကျင့်ဝတ်စည်းမျဉ်းများ

ကျင့်ဝတ်စည်းမျဉ်းများသည် အေဂျင်စီအလိုက် သို့မဟုတ် စခန်းတစ်ခုစီအလိုက် ကွဲပြားနိုင်သည့်အပြင် အရေးပေါ် အခြေအနေတွင် ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ကျင့်ဝတ်စည်းမျဉ်းကို ရည်ညွှန်း အသုံးပြုခြင်းလည်း ဖြစ်နိုင်သည်။ ၎င်းသည် စခန်းဝန်ထမ်းများအတွက် ကျင့်ဝတ်နှင့်ဆိုင်သော အပြုအမူဆိုင်ရာစံနှုန်းများကို ချမှတ်ပေးပြီး စခန်းရှိ အေဂျင်စီအားလုံးအတွက် တာဝန်ခံယူမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို မြှင့်တင်ရန် ဖြစ်သည်။ ဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းတစ်ဦးချင်းတို့အတွက် ဆီလျော်သော ကျင့်ဝတ်စည်းမျဉ်းများ ရှင်းပြပေးထားသင့်ပြီး အလုပ်စဝင်သည်နှင့် မိတ္တူတစ်ခုကို လက်မှတ်ရေးထိုးထားစေသင့်သည်။ ကျင့်ဝတ်စည်းမျဉ်းများနှင့် သင်တန်းနှစ်ခုလုံးကို ဝန်ထမ်းများနှင့် စခန်းနေလူထုတို့ လွယ်ကူစွာ နားလည်စေရန် ဘာသာစကားအမျိုးမျိုးဖြင့် သင့်လျော်သလို ပြန်ဆိုထားရန် လိုအပ်သည်။ ဘာသာပြန်သူအား အသုံးပြုပါက ဘာသာပြန်ခြင်းသည် တိကျသေချာ၍ ကောင်းစွာအချက်အလက်ပေးနိုင်ပြီး နားလည်လွယ်ကြောင်းသေချာစေရမည်။

ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာနေထိုင်ရသူများနှင့် ကောင်းမွန်စွာ ဆက်ဆံပြောဆိုခြင်းကို အားပေးရန်အတွက် အေဂျင်စီ၏ ကျင့်ဝတ်စည်းမျဉ်းအကြောင်း သင်တန်းပေးရာတွင် သို့မဟုတ် စခန်းတစ်ခုလုံးမှ သိရှိသတိပြုလာစေရန် ဆောင်ရွက်ရာတွင် အနည်းဆုံးအားဖြင့် အောက်ပါအချက်များ ပါဝင်သင့်သည်။

- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သဘောတရား
- လျှို့ဝှက်ချက်ထိန်းသိမ်းလျှက် သတင်းပို့ အစီရင်ခံခြင်း လုပ်ငန်းစဉ်များ
- မကျေနပ်မှုများနှင့် စုံစမ်းရေးဆိုင်ရာ အစီအမံများ
- ဝန်ထမ်းတစ်ဦးဦးမှ စည်းမျဉ်းကိုချိုးဖေါက်ပါက အရေးယူဆောင်ရွက်မည့်အချက်များ

စခန်းတစ်ခုစီသည် လိုအပ်လျှင် ညွှန်းပို့ပေးရမည့် အဓိကတာဝန်ရှိသူကို ရှင်းလင်းစွာဖေါ်ပြထားသည့် သင့်လျော်သော အစီရင်ခံမှုဆိုင်ရာဖွဲ့စည်းပုံနှင့် လုပ်ငန်းစဉ်များ လိုအပ်သည်။

အစီရင်ခံစာတွင် လျှို့ဝှက်ချက်ထိန်းသိမ်းခြင်းကို သေချာစေရန် ဆောင်ရွက်မှုများသည် စခန်းလူထုအနေနှင့် လူထု ခေါင်းဆောင်များ သို့မဟုတ် အေဂျင်စီဝန်ထမ်းများ၏ အနိုင်အထက်အပြုအမူများကို ရှေ့သို့ထွက်လာပြီး အစီရင်ခံတင်ပြလာစေရန် တိုက်တွန်းအားပေးခြင်းနှင့် ချိန်ဆ၍ မျှတစေရမည်။

**မိမိတို့၏ဝန်ထမ်းများကိုယ်တိုင်မှ လိင်မှုဆိုင်ရာ အမြတ်ထုတ်မှုနှင့် အနိုင်အထက်ပြုမှုများကို ရပ်တန့်ရေး**

၂၀၁၁ခုနှစ်တွင်အဖွဲ့အစည်းပေါင်းစုံ ကိုယ်စားပြုကော်မီတီ (Inter-Agency Standing Committee) ၏ "မိမိတို့ဝန်ထမ်းများကိုယ်တိုင်မှ လိင်မှုဆိုင်ရာ အမြတ်ထုတ်မှုနှင့် အနိုင်အထက်ပြုမှုများကို ရပ်တန့်ရေးလုပ်ငန်းအဖွဲ့ (PSEA)" မှ ထိုအကြောင်းအရာကို ပိုမိုနက်နဲစွာ ဖေါ်ထုတ်သိရှိနိုင်ရန် အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာ၊ အာရဗီဘာသာ၊ စပိန်ဘာသာများဖြင့် ဝက်ဘ်ဆိုက်တစ်ခု http://www/pseataskforce.org ကို လွှင့်တင်ခဲ့သည်။ ၎င်းက ဝန်ထမ်းများအား လိင်မှုဆိုင်ရာ အမြတ်ထုတ်မှုနှင့် အနိုင်အထက်ပြုမှုများနှင့်စပ်လျဉ်း၍ မိမိတို့ ထိန်းသိမ်းလိုက်နာရမည့်တာဝန်နှင့် ဝတ္တရားများ အတွက် ဆီလျော်သည့်သတင်းအချက်အလက်များ ပေးထားသည်။ ထို ဝက်ဘ်ဆိုက်တွင် PSEA အတွက် တာဝန်ခံပုဂ္ဂိုလ်များတာဝန်ထမ်းဆောင်ရာတွင် အကူအညီဖြစ်စေရန် ဆန်းစစ်ဇယားနှင့် အဓိကအချက်အလက်စာတမ်းတို့ကိုလည်း ဖေါ်ပြပေးထားသည်။

## အကူအညီများနှင့် ဝန်ဆောင်မှုများကို ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်း

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းတစ်ခုလုံးနှင့်တကွ မတူညီသောကဏ္ဍများ၊ လုပ်ငန်းအဖွဲ့များအတွက် ထိရောက်သည့် ညှိနှိုင်းဆောင်ရွက်မှုအစီအမံနှင့် စောင့်ကြည့်ကြီးကြပ်စနစ်များ ရှိနေစေရန် စခန်းနေလူထု၊ စခန်းအုပ်ချုပ်မှု၊ အစုအဖွဲ့၊ ကဏ္ဍအလိုက် ဦးဆောင်အေဂျင်စီများ၊ ဝန်ဆောင်မှုပေးသူများနှင့် နီးကပ်စွာလက်တွဲလျှက် ဦးဆောင်တာဝန်ယူရသည်။ ၎င်းမှာ အောက်ပါတို့အတွက် မရှိမဖြစ်လိုအပ်သည်။

- အကူအညီများ လစ်ဟာမှုရှိပါက ဖြည့်ဆည်းနိုင်ရန်
- လုပ်ငန်းများ မလိုဘဲ ထပ်နေခြင်းကို ရှောင်ရှားရန်

- ➔ ဝန်ဆောင်မှုများကို မျှတစွာပေးပြီး လက်လှမ်းမီ ရရှိနိုင်ကြရန်
- ➔ ဝန်ဆောင်မှုပေးသူအားလုံးသည် သဘောတူထားသော စံနှုန်းများအတိုင်း လေးစားလိုက်နာကြောင်း သေချာစေရန်

### အစည်းအဝေးများ ညှိနှိုင်းကျင်းပခြင်း

စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အဓိကတာဝန်တစ်ရပ်မှာ စခန်းညှိနှိုင်းဆောင်ရွက်မှု အစည်းအဝေးများကို ဦးဆောင်ကျင်းပ၍ နောက်ဆက်တွဲလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်စေရန် ဖြစ်သည်။ အရေးပေါ်အခြေအနေများတွင် အချိန်မကြာမြင့်သော ညှိနှိုင်းအစည်းအဝေးများကို နေ့စဉ်ကျင်းပရန် လိုအပ်နိုင်သည်။ တည်ငြိမ်သော အခြေအနေများတွင် တစ်ပါတ်လျှင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် ကျင်းပလျှင် လုံလောက်နိုင်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ ဦးဆောင်သော ပုံမှန်အပါတ်စဉ် အစည်းအဝေးများအပြင် ကဏ္ဍအလိုက်အေဂျင်စီများက ဦးဆောင်သော သီးခြားအစည်းအဝေးများလည်း ပုံမှန်ကျင်းပသင့်သည်။ ရည်ရွယ်ချက်မှာ အထွေထွေညှိနှိုင်းအစည်းအဝေးများတွင် တင်ပြရန် အသေးစိတ်လွန်းပြီး သီးခြားဖြစ်သော အရေးကိစ္စများကို ဆွေးနွေးနိုင်ရန်ဖြစ်သည်။ ထို့ပြင် စခန်း၏ အထွေထွေညှိနှိုင်းမှုအတွက် အရေးကြီးသော ဆုံးဖြတ်မှုများ ပြုလုပ်နိုင်ရန် အချက်အလက်များ တင်ပြပေးနိုင်ရန်လည်း ဖြစ်သည်။

ထိရောက်သောညှိနှိုင်းမှုအတွက် ထိုသို့သော အစည်းအဝေးများကို ပံ့ပိုးကျင်းပပေးနိုင်ရန် စခန်းစီမံခန့်ခွဲမှု ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မှာ အရေးကြီးပေသည်။ အစည်းအဝေးများကို ပံ့ပိုးကျင်းပပေးနိုင်ရန် ဝန်ထမ်းများသည် ရှင်းလင်းစွာဆက်သွယ်ပြောဆိုနိုင်ရမည်။ အားလုံးပါဝင်စေရန် တိုက်တွန်းနိုင်ရမည်။ အစီအစဉ်အတိုင်း ဆောင်ရွက်နိုင်ရမည်။ ဆုံးဖြတ်တာဝန်ခံမှုများ ရရှိစေရမည်။ ဆွေးနွေးမှုများကို နိဂုံးချုပ်တတ်ရမည်။ အားလုံး၏ ထင်မြင်ယူဆချက်များကို လေးစားရမည်။ ဂရုစိုက်နားထောင်နိုင်ရမည်။ အစည်းအဝေးကို ပြန်လည်အကျဉ်းချုံး တင်ပြနိုင်ရမည်။ လုပ်ဆောင်ရန်ကိစ္စများကို ဆက်လက်ဆောင်ရွက်နိုင်ရမည်။ အေဂျင်စီများအကြား မတူညီသော ယူဆချက်များရှိတတ်သည့် ဖိစီးမှုများပြားပြီး မတည်ငြိမ်သောအခြေအနေမျိုးတွင် လုပ်ငန်းသဘောအရ ကောင်းမွန်သောဆက်ဆံရေး ရရှိနိုင်ရန်အတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းရှိ အခြားအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်ပြီး ညီညွတ်၍ လိုက်လျောညီထွေဖြစ်သောဆက်ဆံမှုကို ထူထောင်ထိန်းသိမ်းထားရန် အရေးကြီးပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အားလုံးပါဝင်နိုင်သောနည်းလမ်းကို အမြဲအသုံးပြုသင့်ပြီး မိမိတို့၏တာဝန်မှာ ယုံကြည်မှုတည်ဆောက်ရန်ဖြစ်ကြောင်း သိမြင်သင့်သည်။

တစ်ချိန်တည်းမှာပင် အေဂျင်စီများအနေနှင့် စီမံချက်များအပေါ် တာဝန်ခံယူမှုရှိစေရမည်။ ဥပမာ ညှိနှိုင်းအစည်းအဝေးများသို့ မတက်ရောက်ခြင်း၊ လိုအပ်သော သတင်းအချက်အလက်များ မျှဝေမပေးခြင်းတို့မှာ စခန်းရှိ အခြားအေဂျင်စီများအပေါ် သက်ရောက်မှု ရှိစေနိုင်သည်။ ဤအချက်မှာ စခန်းလူထုအတွက် တရားဝင်တာဝန်ခံယူမှုရှိစေပြီး ၎င်းတို့၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရန်အတွက် အရေးကြီးသည်။

### မည်သူတို့က မည်သည်တို့ကို ဆောင်ရွက်နေကြောင်း ရှင်းလင်းစွာ ဆက်သွယ်ပြောဆိုရမည်။

စခန်းစီမံခန့်ခွဲမှုကို တာဝန်ယူထားသောအဖွဲ့အစည်းသည် နေထိုင်စရာ၊ ရေနှင့် သန့်ရှင်းရေး သို့မဟုတ် ပညာရေး စသည့် ကဏ္ဍများအတွက် ဝန်ဆောင်မှုပေးနေသူလည်း ဖြစ်နိုင်သည်။ အဖွဲ့အစည်းအတွင်း မည်သူက မည်သည့်တာဝန်ကို ယူထားကြောင်း စခန်းနေလူထုမှ သိရှိနေစေရန်အတွက် ရှင်းလင်းစွာ ဆက်သွယ်ပြောဆိုထားရန်လိုသည်။ ဥပမာ - စခန်း၏ ကြော်ငြာသင်ပုန်းတွင် ကပ်ထားခြင်း

☛ ညှိနှိုင်းဆောင်ရွက်မှုနှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှုတို့နှင့် စပ်လျဉ်း၍ ထပ်မံသိရှိလိုပါက အခန်း ၄ - ညှိနှိုင်းဆောင်ရွက်မှုနှင့် အခန်း ၅ - သတင်းအချက်အလက်စီမံခန့်ခွဲမှုတို့တွင် လေ့လာပါ။

စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့သည် စံနှုန်းများကိုထိန်းသိမ်းရန်နှင့် အေဂျင်စီများမှ အကူအညီနှင့် ဝန်ဆောင်မှုများပေးခြင်းအတွက် တာဝန်ခံယူကြစေရန်ဖြစ်သည်။ လုပ်ငန်းဆောင်ရွက်မှု အဆင့်အတန်းမှာ ညံ့ဖျင်းပြီး အရည်အသွေးနှင့် အရေအတွက် လုံလောက်မှုမရှိသောနေရာများတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ကဏ္ဍအလိုက်

ဦးဆောင်အေဂျင်စီများ၏ ပံ့ပိုးမှုကို သင့်လျော်သလိုရယူ၍ သဘောတူထားသော စံနှုန်းများနှင့်အညီ အနိမ့်ဆုံးအဆင့် အကူအညီများကို ပေးကြရန်အတွက် အလေးအနက် တိုက်တွန်းအရေးဆိုရန် တာဝန်ရှိသည်။

စခန်းတွင်ဆောင်ရွက်နေသော ကဏ္ဍအားလုံးအား စောင့်ကြည့်ကြီးကြပ်ခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ အခြားအေဂျင်စီများ၏ ဝန်ဆောင်မှုများအား စောင့်ကြည့်ကြီးကြပ်ပေးရခြင်းကြောင့် မိမိတို့၏ ကိုယ်ပိုင်စီမံချက်ကို လူထုလက်လှမ်းမီနိုင်မှုနှင့် ဝန်ဆောင်မှုများ၏ တိုးတက်ထိရောက်မှုတို့ကို စောင့်ကြည့်ကြီးကြပ်ရမည့် မူရင်းတာဝန်အား ပေါ့လျော့စေခြင်း မဖြစ်စေရပါ။ ကဏ္ဍအားလုံးအား စောင့်ကြည့်ကြီးကြပ်ခြင်းဖြင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းတွင်း စံနှုန်းများကို လွှမ်းခြုံသိရှိနိုင်ပြီး နေ့စဉ်ဘဝကို ခြုံငုံနားလည်ကာ အကူအညီနှင့် ကာကွယ်စောင့်ရှောက်မှုများ ပေးအပ်နေပုံကို သတိပြုနိုင်ပေမည်။ စခန်းရှိ ကာကွယ်စောင့်ရှောက်မှုနှင့် အကူအညီစီမံချက်များသည် သီးခြားစီ လုပ်ဆောင်နေခြင်း မဟုတ်သည့်အတွက် ဤအချက်မှာ အထူးအရေးပါပေသည်။

အများအားဖြင့် စီမံချက်များသည် တစ်ခုနှင့်တစ်ခု တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သက်ရောက်မှုရှိကြသည်။ အများအားဖြင့် အပြုသဘောသက်ရောက်မှုဖြစ်သော်လည်း တစ်ခါတစ်ရံ မရည်ရွယ်သော သို့မဟုတ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်နိုင်သည်။ စခန်းတွင် နေထိုင်မှုအခြေအနေမြင့်မားလာစေရန် ဆောင်ရွက်ရာ၌ စခန်းလူထု၏ ဘဝအရည်အသွေးတစ်ခုလုံးကို ခြုံငုံနားလည်ရန်လိုအပ်သည်။ မိမိတို့၏ စီမံချက်သာမက စခန်းတစ်ခုလုံးရှိ လုပ်ငန်းများ၏ သက်ရောက်မှုကို နားလည်ရန်မှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ တာဝန်တစ်စိတ်တစ်ပိုင်းဖြစ်သည်။

### စောင့်ကြည့်ကြီးကြပ်ခြင်းက ဝန်ဆောင်မှုပေးခြင်းကို တိုးတက်ကောင်းမွန်စေသည်။

စောင့်ကြည့်ကြီးကြပ်ခြင်းသည် တစ်ဦးချင်းစီတိုင်းအတွက် ကာကွယ်စောင့်ရှောက်ပေးခြင်းကို ပံ့ပိုးနိုင်ရန် မရှိမဖြစ်လိုအပ်သည်။ အထူးသဖြင့် ရှားပါးပြတ်လပ်သောအချိန်များတွင် ဝန်ဆောင်မှုနှင့်ပစ္စည်းများ မရရှိတတ်သည့် သီးခြားလိုအပ်ချက်ရှိသူများအပါအဝင် စခန်းတွင်နေထိုင်သူအားလုံး အကျိုးကျေးဇူး ရရှိနိုင်ရမည်။

### စောင့်ကြည့်ကြီးကြပ်သူများ ခန့်အပ်တာဝန်ပေးခြင်း

စခန်းတစ်ခုတွင် စောင့်ကြည့်ကြီးကြပ်မှုလုပ်ငန်းအတွက် ကြီးကြပ်သူများစွာ လိုအပ်နိုင်သည်။ အခြေအနေပေးပါက ရွှေ့ပြောင်းနေထိုင်ရသူများနှင့် အိမ်ရှင်လူထုထဲမှ ရွေးချယ်ခန့်အပ် သင်တန်းပေးနိုင်သည်။ ဒေသခံ ဘာသာစကားတတ်ကျွမ်း၍ လူထုအကြောင်းသိရှိကာ လုပ်ငန်းခွင်အနီးတွင်နေထိုင်သည့် စခန်းလူထုနှင့် ပတ်ဝန်းကျင်မှလူများအား ခန့်အပ်ခြင်းဖြင့် ရရှိနိုင်သည့်အကျိုးကျေးဇူးနှင့် လျှို့ဝှက်ချက်ထိန်းသိမ်းပေးရေးနှင့် ခွဲခြားဆက်ဆံမှုမရှိစေရေးတို့ကို ချိန်ဆစဉ်းစားရန် လိုပေသည်။

## ဝန်ဆောင်မှုပေးသော အေဂျင်စီများ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများအား စနစ်တကျဖြစ်စေခြင်း

လစ်ဟာမှုများဖေါ်ထုတ်၍ နားလည်မှုလွဲခြင်းနှင့် ထပ်ပြန်ဆောင်ရွက်မိခြင်းတို့ကို ရှောင်ရှားနိုင်ရန်အတွက် စခန်းတွင်ဝန်ဆောင်မှုပေးနေသည့် အေဂျင်စီများအကြား အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကိုဖေါ်ထုတ်၍ စနစ်တကျဖြစ်စေခြင်းမှာ အရေးကြီးသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို ရှင်းလင်းသေချာစေရန် ဦးဆောင်ဖေါ်ထုတ်ပါက တရားဝင်ဖြစ်မှုကို တိုးတက်စေနိုင်မည့် အလားအလာများစွာ ရှိပေလိမ့်မည်။ မည်သူက၊ မည်သည်ကို၊ မည်သည့်အချိန်၊ နေရာတွင် မည်သို့ဆောင်ရွက်မည်ကို ရိုးရှင်းစွာ ပုံစံတကျ စာဖြင့်ရေးသားထားသော သဘောတူညီမှုသည် ညှိနှိုင်းဆောင်ရွက်မှုများကို တိုးတက်ကောင်းမွန်စေပြီး စံနှုန်းများမပြည့်မီပါက တိုက်တွန်းအရေးဆိုရန် အသုံးပြုနိုင်လိမ့်မည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီတွင် စခန်းတွင်လုပ်ကိုင်နေသော မိတ်ဖက်အားလုံး၏ အေဂျင်စီသဘောတူညီမှုစာလွှာများနှင့် လုပ်ငန်းအစီအစဉ်မိတ္တူများ ရှိနေသင့်သည်။ အေဂျင်စီများအကြား ရိုးရှင်းသော သဘောတူညီမှုတစ်ရပ် သို့မဟုတ် နားလည်မှုစာချွန်လွှာတစ်ရပ် ရေးဆွဲနိုင်ပါက အရင်းအမြစ်များကိုမျှဝေရန်နှင့် စခန်းတွင်းဝန်ဆောင်မှုများအတွက် သတ်မှတ်ပြဋ္ဌာန်းပေးရန် အကူအညီဖြစ်စေနိုင်သည်။

## ကဏ္ဍ၊ အစုအဖွဲ့အလိုက် ဦးဆောင်အေဂျင်စီများထံ အစီရင်ခံခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ကဏ္ဍ၊ အစုအဖွဲ့အလိုက် ဦးဆောင်အေဂျင်စီများနှင့် နီးကပ်စွာ ညှိနှိုင်းဆောင်ရွက်ရန် လိုသည်။ အခန်း (၁) တွင် ဖော်ပြခဲ့သည့်အတိုင်း ယေဘုယျအားဖြင့် စခန်းညှိနှိုင်းစီမံခန့်ခွဲမှု (CCCM) အစုအဖွဲ့မှ ညှိနှိုင်းရေးမှူးသည် ရွှေ့ပြောင်းနေထိုင်ရသူများအတွက် ထိရောက်သော ကာကွယ်စောင့်ရှောက်မှုနှင့် အကူအညီများပေးနိုင်ရန် လိုအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နေရာကိုရရှိရန် သေချာစေရမည်။ ထိုအခန်းကဏ္ဍအတွက် အောက်ပါတို့ကို လိုအပ်သည်။

- ဒေသအဆင့်နှင့် နိုင်ငံအဆင့်တို့တွင် စခန်းများနှင့် မိတ်ဖက်များအကြား ညှိနှိုင်းဆောင်ရွက်ခြင်း
- စခန်းစီမံခန့်ခွဲမှုတွင် နိုင်ငံတကာစံနှုန်းများကို အသုံးပြုခြင်း
- ဒေသအတွင်း ရွှေ့ပြောင်းနေထိုင်မှုအားလုံး၏ သက်ရောက်မှုကို စောင့်ကြည့်လေ့လာအစီရင်ခံခြင်း
- အရင်းအမြစ်များ နိုးဆော်ရရှိစေရေးအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးအား တိုက်တွန်းအရေးဆိုခြင်းနှင့် နိုင်ငံအလိုက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရန်ပုံငွေတောင်းခံမှုများတွင် ပါဝင်ဆောင်ရွက်ခြင်း
- စခန်းစီမံခန့်ခွဲမှုအေဂျင်စီအပါအဝင် နိုင်ငံအဆင့်နှင့် ဒေသအဆင့် လုပ်ရှားဆောင်ရွက်သူများအား သင်တန်းများပေးခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း
- နိုင်ငံအဆင့်နှင့် ဒေသအဆင့်တို့အား လွှမ်းခြုံလျက် စခန်းဆိုင်ရာနည်းဗျူဟာများနှင့် အရေးပေါ်အတွက် ကြိုတင်ပြင်ဆင်မှုများ ညှိနှိုင်းရေးဆွဲပြုစုခြင်း

### အထက်အောက် နှင့် ဘေးတိုက် တာဝန်ခံယူမှု

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေများနှင့် ပြန်လည်ထူထောင်သည့်ကာလများတွင် တာဝန်ခံယူမှုမရှိခြင်းများကို တွေ့ရနိုင်သည်။ ၎င်းမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အုပ်စုများနှင့် အလှူရှင်များအကြား၊ အစုအဖွဲ့များအကြား၊ နိုင်ငံတော်နှင့် ခရိုင်အဆင့် ဆောင်ရွက်သူများအကြား သို့မဟုတ် ဂန်ဆောင်မှုပေးသူများနှင့် ရွှေ့ပြောင်းနေထိုင်ရသူများ သို့မဟုတ် အိမ်ရှင်လူထုများအကြား ဆက်သွယ်မှုမရှိခြင်း သို့မဟုတ် အဆင့်မျိုးစုံတွင် သတင်းအချက်အလက်မရရှိခြင်း စသည်တို့ကြောင့် ဖြစ်နိုင်သည်။

မဟာဗျူဟာအဆင့်တွင် အလှူရှင်များ၊ အစုအဖွဲ့များပါဝင်သည့် ဖိုရမ်နှင့် နိုင်ငံအာဏာပိုင်များပါဝင်သည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အုပ်စုများအကြား၊ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၊ ရွှေ့ပြောင်းနေထိုင်ရသူများ၊ အိမ်ရှင်လူထု၊ ဂန်ဆောင်မှုပေးသူများ၊ နယ်မြေဒေသအဆင့် အစုအဖွဲ့များနှင့် သက်ဆိုင်ရာ အာဏာပိုင်များအကြားတို့တွင် အထက်အောက် နှစ်လမ်းသွားဆက်သွယ်ရေးရှိရန်မှာ အရေးကြီးသည်။ လုပ်ငန်းဆောင်ရွက်မှုအဆင့်တွင် စခန်းတွင်း ပါဝင်ပတ်သက်သူများအကြား သတင်းအချက်အလက်များစီးဆင်းမှုနှင့် တုံ့ပြန်ချက်ပေးခြင်းအတွက် အပြန်အလှန် ဦးတည် လမ်းကြောင်း နှစ်ဖက်ဖြင့် အဓိက ဘေးတိုက်ဆက်သွယ်ရေးမှာလည်း အရေးကြီးပေသည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် မဟာဗျူဟာအဆင့် သတင်းအချက်အလက်များမှတစ်ဆင့် မည်သည့်အကူအညီများ (အချိန်၊ နေရာ၊ အရေအတွက်) ရရှိနိုင်ခြင်း နှင့် စခန်းအဆင့်တွင် ရေရှည်အစီအစဉ်များကို သိရှိသေချာနိုင်စေရန် အရေးပါသောကဏ္ဍမှ ဆောင်ရွက်ရမည်။ ၎င်းသည် လုပ်ငန်းဆောင်ရွက်မှုအဆင့်မှ တုံ့ပြန်ချက်များအရ သတင်းအချက် အလက်လစ်ဟာမှုများနှင့် ထိခိုက်ခံစားရသော ပြည်သူများ၏ စိုးရိမ်ပူပန်မှုများကို ဦးတည်ဖြေရှင်းရန် တိုက်တွန်းအရေးဆို နိုင်ပြီး တစ်ချိန်တည်းမှာပင် အကူအညီပေးသူများ၏ တာဝန်ခံယူမှုနှင့် စခန်းနေလူထုကို လုပ်ပိုင်ခွင့်ပေးခြင်း စသည်တို့ကိုလည်း သေချာစေရမည်။

## အထူးတာဝန်ဖြင့် စေလွှတ်သည့် စုစည်းအဖွဲ့များနှင့်အတူ လုပ်ငန်းဆောင်ရွက်ခြင်း

ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိမ်းသိမ်းမှုတပ်ဖွဲ့များနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုအဖွဲ့များသည် ပဋိပက္ခများ ဆက်လက် ဖြစ်ပွားနေသည့်ဒေသများနှင့် ပဋိပက္ခအလွန်အခြေအနေရှိဒေသများသို့ တိုးမြှင့်သွားရောက်နေကြသည်။ ထိုအထူး တာဝန်အဖွဲ့ များတွင် အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်တစ်ဦးက အဖွဲ့၏လုပ်ငန်းအားလုံး (နိုင်ငံရေး၊ စစ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု) အတွက် တာဝန်ရှိပေသည်။ အထူးအဖွဲ့၏ လုပ်ဆောင်ရန်များမှာ လတ်တလောကာလ တည်ငြိမ်ရေး၊ ရပ်ရွာလူထုကို အကာအကွယ်ပေးရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ၊ နိုင်ငံရေး

ဖွဲ့စည်းပုံအသစ်ဖြစ်ထွန်းရေး၊ လက်နက်စွန့်လွှတ်မှု၊ စစ်မှုထမ်းဟောင်းများကို တိုက်ခိုက်မှုရပ်နားပြီး လူထုအတွင်း ပြန်လည်ပါဝင်စေခြင်း စသည်တို့ ပါဝင်နိုင်သည်။ အထူးအဖွဲ့သည် ကုလသမဂ္ဂ၏အစိတ်အပိုင်းများကို စုစည်းပြီး စည်းလုံးစွာဆောင်ရွက်ခြင်းဖြင့် နိုင်ငံရေးတည်ငြိမ်မှုနှင့် ပြန်လည်တည်ဆောက်မှုအတွက် တိုးတက်မှုများ ပြည့်မြောက်ရရှိစေနိုင်ရန်ဖြစ်သည်။

### UN-CMCoord ဆိုသည်မှာ အဘယ်နည်း

"ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရပ်ဘက်နှင့်စစ်ဘက် ပူးပေါင်းဆောင်ရွက်မှု (UN-CMCoord) သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သဘောတရားများကို ကာကွယ်မြှင့်တင်ပေးရန်၊ ပြိုင်ဆိုင်မှုများ ရှောင်ရှား ရန်၊ မတူညီမှုများနည်းပါးစေရန်နှင့် သင့်လျော်ပါက တူညီသောရည်မှန်းချက်အတွက် လုပ်ဆောင်ရန် အရပ်ဘက်နှင့် စစ်ဘက်မှ လှုပ်ရှားလုပ်ဆောင်သူများအကြား မရှိမဖြစ်လိုအပ်သော အပြန်အလှန်ပြောဆိုမှုနှင့် ဆက်သွယ်မှုများကို အားပေးပံ့ပိုးရန်ဖြစ်သည်။

UN-CMCoord သည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများအား ကျယ်ပြန့်စွာနားလည်စေရန်နှင့် ထိုလုပ်ငန်းများအား မည်သို့ အကောင်းဆုံးပံ့ပိုးပေးနိုင်သည်ကို နိုင်ငံရေးနှင့် စစ်ရေးလှုပ်ရှားသူများအား လမ်းညွှန်ပေးရန် မူဘောင်တစ်ရပ် ဖြစ်သည်။"

www.unocha.org/what-we-do/coordinationtools/UN-CMCoord/overview မှ

### UN-CIMIC ဆိုသည်မှာ အဘယ်နည်း

"အရပ်ဘက်နှင့်စစ်ဘက် ညှိနှိုင်းဆောင်ရွက်မှု (CIMIC) သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုတွင် စစ်ရေးအပိုင်းနှင့် နိုင်ငံရေး၊ လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးရှုထောင့်တို့ အကြား ကြားခံဆက်သွယ်မှုကို ပေးသည်။ ထို့ပြင် ပိုမိုကျယ်ပြန့်သော ငြိမ်းချမ်းရေးတည်ဆောက်မှုစနစ်တွင် အခြားကိစ္စရပ်များနှင့်လည်း ဆက်သွယ်ပေးသည်။ ၎င်းမှာ ရှုပ်ထွေးသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အရေးပါသောလုပ်ငန်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းမှာ ပြောင်းလဲမှုအတွက် ကြိုးပမ်းရာတွင် ပဋိပက္ခအပေါ်၌ စနစ်အဆင့်ဖြင့် သက်ရောက်မှုရှိစေသော အထူးအဖွဲ့များအတွက် ဗဟိုချက်မ ဖြစ်သောကြောင့်ဖြစ်သည်။"

UN Civil-Military-Cooperation, Peace Operations, Training Institute, 2012 မှ

အထူးတာဝန် စုစည်းအဖွဲ့များသည် ကုလသမဂ္ဂလုပ်ငန်းများ၏လိုအပ်ချက်များကို ဖြည့်ဆည်းရန် အပြုသဘော ကြိုးပမ်းမှုများ ဖြစ်သော်လည်း ၎င်းသည် စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် အခြား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီများအတွက် ကျင့်ဝတ်အရ သို့မဟုတ် လုပ်ငန်းအရ စိန်ခေါ်မှုများ ရှိနိုင်သည်။ အကယ်၍ အဖွဲ့တွင် ကုလသမဂ္ဂ သို့မဟုတ် နိုင်ငံတကာမှ စစ်ဘက်အင်အား (ဥပမာ - မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ သို့မဟုတ် အာဖရိကသမဂ္ဂ) များ ပါဝင်ပါက အထူးအဖွဲ့၏ ရည်ရွယ်ချက်များကို ရှုပ်ထွေးစေနိုင်ပြီး တစ်ခါတစ်ရံ အေဂျင်စီများ၏ လုပ်ဆောင်မှုများအကြား ဆန့်ကျင်ဖက်များ ဖြစ်လာစေနိုင်သည်။

အထူးအဖွဲ့၏ စစ်ဘက်နှင့် လူသားချင်းစာနာထောက်ထားမှုအကြား စီစဉ်မှုများသည် လူသားချင်းစာနာထောက်ထားမှု အကူအညီများ၏ ခွဲခြားဆက်ဆံမှုမရှိခြင်းကို တစ်ခါတစ်ရံ အစွန်းအထင်းအဖြစ် ရှုမြင်မှုများ ဖြစ်စေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အကူအညီများကို လူမျိုးစုတစ်ခု သို့မဟုတ် နိုင်ငံရေးအစိတ်အပိုင်းတစ်ရပ်အတွက် ပေးအပ်သောကြောင့်ဖြစ်သည်။ ထိုအကြောင်းကြောင့် ရွှေ့ပြောင်းနေထိုင်ရသူများထံရောက်ရှိ၍ အကူအညီများပေးရန် စစ်ဘက်၊ နိုင်ငံရေးဘက်တို့နှင့် မသက်ဆိုင်သောသူများကိုသာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနေရာကို ခွင့်ပြုပေးခြင်းဖြစ်သည်။

အထူးအဖွဲ့များသည် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအား အကျိုးကျေးဇူးများ အချို့ပေးအပ်နိုင်သည်။ ကုလသမဂ္ဂအထူးအဖွဲ့များသည် အများအားဖြင့် ထိရောက်သောငွေကြေးနှင့် ထောက်ပံ့ပို့ဆောင်မှုဆိုင်ရာ အရင်းအမြစ်များ ရှိနေတတ်သည်။ ၎င်းတို့ကို စခန်းအတွက် အထူးလိုအပ်ချက်များအား ဖြည့်ဆည်းရန် အသုံးပြုနိုင်သည်။ သို့သော် ထိုအရင်းအမြစ်များကို လက်လှမ်းမီနိုင်ရန်မှာ များစွာသော အုပ်ချုပ်စီမံမှုလုပ်ငန်းစဉ်များ လိုအပ်နိုင်သည်။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - ပဋိပက္ခအလွန် လိုက်ဘေးရီးယားတွင် အထူးတာဝန် စုစည်းအဖွဲ့မှ ပံ့ပိုးပေးခြင်း

၂၀၀၃ခုနှစ် ဇူလိုင်လတွင် လိုက်ဘေးရီးယားမှ ယခင် သမ္မတဟောင်း ထွက်ခွာသွားပြီးနောက် ကုလသမဂ္ဂသည် ပြည့်ပြည့်ဝဝ ပါဝင်ကူညီခဲ့သည်။ အေဂျင်စီနစ်ခုသည် မြို့တော်မွန်ရိုးဗီးယားမှ ပြည်တွင်းနေရပ်စွန့်ခွာနေရသူ ၃၁၀၀၀၀ ခန့် နေထိုင်လျှက်ရှိသောစခန်းများကို အဆင့်လျော့ချပိတ်သိမ်းရန် စီမံချက်တစ်ရပ်ကို စတင်ခဲ့သည်။ ၂၀၀၄ -၂၀၀၅ ခုနှစ်များတွင် စခန်းများကို အဆင့်လျော့ချပိတ်သိမ်းရန် နည်းဗျူဟာသည် စနစ်တကျနှင့် သဘောဆန္ဒအလျောက် နေရပ်ပြန်ခြင်းလုပ်ငန်းစဉ်နှင့် နီးစပ်စွာချိတ်ဆက်ထားခဲ့သည်။ နေရပ်ပြန်ခြင်းမူဝါဒနှင့် လုပ်ငန်းများကို အခြားအေဂျင်စီ တစ်ခုမှ စတင်ခဲ့သည့် IDP နေရပ်ပြန်ရေး ပူးတွဲစီမံချက်အဖွဲ့မှ စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။ ကုလသမဂ္ဂအထူးအဖွဲ့သည် စခန်းများလျော့ချမှုနှင့် နေရပ်ပြန်ခြင်းလုပ်ငန်းစဉ်အတွက် နိုင်ငံရေးအရ ပံ့ပိုးပေးခဲ့သည်။ သို့သော် ပစ္စည်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ပံ့ပိုးမှု အနည်းငယ်သာပေးအပ်ခဲ့သည်။

ရွှေ့ပြောင်းမှု၏အတိုင်းအတာနှင့် နေရပ်ပြန်ရန် အကူအညီလိုအပ်နေသော ရွှေ့ပြောင်းနေထိုင်ရသူများ၏ အရေအတွက်ကြောင့် လုပ်ငန်းစဉ်မှာ ရန်ပုံငွေမလုံလောက်မှု များစွာရှိခဲ့သည်။ အထူးအဖွဲ့တွင် ထောက်ပံ့ပို့ဆောင်မှုစွမ်းဆောင်ရည် ရှိနေသောကြောင့် ထရပ်ကားများကူညီပေးရန် ထပ်တလဲလဲတောင်းဆိုခဲ့သော်လည်း မပေးခဲ့ပါ။ ထို့ကြောင့် အေဂျင်စီများအဖို့ နေရပ်ပြန်သူများအတွက် အခြားမလုံလောက်သော စီစဉ်မှုများသာ ဆောင်ရွက်ပေးနိုင်သည်။ များပြားသော ရင်းမြစ်များ ရှိနေသော်လည်း လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းအတွက် ကူညီရန် နိုင်ငံရေးအရ ဆန္ဒရှိမနေခဲ့ပါ။

သို့သော် တစ်ဖက်တွင်မူ အထူးစုစည်းအဖွဲ့သည် စခန်းစီမံခန့်ခွဲမှုနှင့် စခန်းလျော့ချမှုလုပ်ငန်းများကို မြင့်မားစွာ ကူညီခဲ့သည်။ အဖွဲ့က ၄င်းတို့၏ ရေဒီယိုဆက်သွယ်ရေးဌာနများနှင့် ပုံနှိပ်မီဒီယာ ကြားခံလမ်းကြောင်းများကို အသုံးပြု၍ စခန်းပိတ်သိမ်းမှုနှင့် နေရပ်ပြန်ခြင်းအစီအစဉ်များ သတင်းအချက်အလက်ပေးသည့် လှုပ်ရှားဆောင်ရွက်မှုကို ကူညီပေးခဲ့သည်။ ထိုအကူအညီများမှာ တန်ဖိုးရှိပေသည်။ စုစည်းအဖွဲ့၏ကူညီမှုများ မရရှိခဲ့ပါက နေရပ်ပြန်ခြင်းနှင့် မှတ်ပုံတင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေသော အေဂျင်စီများနှင့် မိတ်ဖက်များအဖို့ နေရပ်စွန့်ခွာနေထိုင်သူများအား အသိပေးနိုင်မည် မဟုတ်ပေ။

## စုစည်းနေထိုင်ရာနေရာတစ်ခု၏ စီမံခန့်ခွဲမှုပုံစံများ

| | ဆောင်ရွက်သူများ | လုပ်ငန်းများ | အားသာချက်များ | အားနည်းချက်များ |
|---|---|---|---|---|
| ပိုမိုတိုးတက် ရောက်ရှိနိုင်ခြင်း | စုစည်းနေထိုင်ရာနေရာ စီမံခန့်ခွဲမှုအတွက် ရွှေ့လျားအဖွဲ့ | စုစည်းနေထိုင်ရာနေရာ မန်နေဂျာသည် ဒေသတစ်ခုရှိ စုစည်းနေထိုင်ရာ နေရာအချို့ အတွက် လွှမ်းခြုံဆောင်ရွက် ပေးသော ရွှေ့လျားအဖွဲ့များကို ဖွဲ့စည်း၍ မှန်မှန်သွားရောက်ကာ သင့်လျော်သော လုပ်ငန်းအားလုံး ကို ဆောင်ရွက်သည်။ (အနည်းဆုံး တစ်ပါတ်တစ်ကြိမ် သွားရောက်၍) | စုစည်းနေထိုင်ရာနေရာ မန်နေဂျာ အရေအတွက် နည်းသည်။ အတွေ့အကြုံရှိသော စုစည်းနေထိုင်ရာနေရာ မန်နေဂျာများကို အသုံးပြုနိုင်သည်။ | ကုန်ကျစရိတ်များသည်။ ရေရှည်တည်တန့်နိုင်မှုမရှိ |
| ဗဟိုချုပ်ကိုင်မှု လျော့ချခြင်း | ဒေသအစိုးရ အဖွဲ့အစည်း | နိုင်ငံအလိုက် သီးခြားအခြေအနေ များအရ ဗဟိုချုပ်ကိုင်မှုရှိသော သို့မဟုတ် ဗဟိုချုပ်ကိုင်မှု လျော့ချထားသော အစိုးရ အဖွဲ့အစည်းက စုစည်း နေထိုင်ရာနေရာ မန်နေဂျာ၏ အခန်းကဏ္ဍကို ယူနိုင်သည်။ | - အဓိကတာဝန်ခံပုဂ္ဂိုလ်<br>- ဒေသနှင့် ပတ်သက်သော ဗဟုသုတရှိ<br>- ရေရှည်တည်တန့်နိုင်မှုရှိ | စွမ်းဆောင်ရည်နှင့် ဆုံးဖြတ် တာဝန်ယူမှု အားနည်းနိုင် |
| | ရွှေ့ပြောင်းနေထိုင်ရသူ များ၏ အဖွဲ့အစည်း | အထူးသဖြင့် အလယ်အလတ် ကာလနှင့် ရေရှည်ရွှေ့ပြောင်း နေထိုင်ရသည့် အခြေအနေများ တွင် ရွှေ့ပြောင်းနေထိုင်ရသူများ အဖွဲ့အစည်း သို့မဟုတ် စုစည်း နေထိုင်ရာနေရာတွင် နေသူများက မန်နေဂျာ၏ လုပ်ငန်းကို ဆောင်ရွက်ရန် မိမိတို့ဘာသာ အဖွဲ့တစ်ခု ဖွဲ့စည်းနိုင်သည်။ | မိမိတို့၏ ကိုယ်ပိုင်အရေး ကိစ္စအဖြစ် ခိုင်မာစွာခံယူမှု ဆုံးဖြတ်တာဝန်ယူမှုရှိ ရေရှည်တည်တန့်နိုင်မှုရှိ | စွမ်းဆောင်ရည် မရှိသည့် အခက်အခဲ ကွင်းဆင်းဆောင်ရွက်နိုင်မှု အားနည်းနိုင် |
| | ဒေသခံ အစိုးရမဟုတ်သော အဖွဲ့အစည်း သို့မဟုတ် လူထုအခြေပြု အဖွဲ့ အစည်း | စုစည်းနေထိုင်ရာနေရာ များစွာ ရှိနေသော ဒေသများတွင် ဒေသခံ အစိုးရမဟုတ်သော အဖွဲ့အစည်း သို့မဟုတ် လူထု အခြေပြု အဖွဲ့အစည်းတစ်ခု သည် စုစည်းနေထိုင်ရာနေရာ မန်နေဂျာ၏အခန်းကဏ္ဍကို ယူနိုင်သည်။ | ဒေသနှင့်ပတ်သက်သော ဗဟုသုတရှိ ကုန်ကျစရိတ် နည်းပါး | - စွမ်းဆောင်ရည် မရှိသည့် အခက်အခဲ<br>- ရေရှည်တည်တန့်နိုင်မှု မရှိသည့် အခက်အခဲ<br>- ဆောင်ရွက်သူ များပြားသည်။ |

| | | | | |
|---|---|---|---|---|
| | မိမိတို့ဘာသာ ဖွဲ့စည်း ဆောင်ရွက်ခြင်း | စုစည်းနေထိုင်ရာနေရာတွင် နေထိုင်ကြသူများသည် မန်နေဂျာ၏လုပ်ငန်းကို ဆောင်ရွက်ရန် မိမိတို့ဘာသာ အဖွဲ့တစ်ခု ဖွဲ့စည်းနိုင်သည်။ | - မိမိတို့၏ ကိုယ်ပိုင်အရေး ကိစ္စအဖြစ် ခိုင်မာစွာ ခံယူမှု<br>- ရေရှည်တည်တန့်နိုင်မှု | စွမ်းဆောင်ရည်မရှိသည့် အခက်အခဲ ဆောင်ရွက်သူများပြားသည်။ |

## အုပ်ချုပ်စီမံမှု နှင့် ပြည်သူလူထု ပူးပေါင်းပါဝင်မှု အစီအမံများကို ထူထောင်ခြင်း

### စခန်းလူထုမှ ပူးပေါင်းပါဝင်ခြင်း

အတွေ့အကြုံများအရ လုပ်ငန်းများ ကောင်းစွာလည်ပတ်လုပ်ဆောင်နေသော စခန်းအခြေအနေတစ်ရပ် ဖြစ်ထွန်းလာစေရန်မှာ စခန်းလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအပေါ် မူတည်သည်။ စခန်းစီမံခန့်ခွဲမှုဝန်ထမ်း များအနေနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်လုပ်ဆောင်မှု၊ ပူးပေါင်းမှု၏ တန်ဖိုးအား ယုံကြည်မှု နှင့် အရင်း အမြစ်ကြွယ်ဝပြီး အပြုသဘောဆောင်သော နည်းလမ်းတို့မှာ အရေးကြီးပေသည်။ ပူးပေါင်းပါဝင်မှုနှင့် စည်းရုံး နိုးဆော်မှုတို့မှာ ပုံစံ အမျိုးမျိုး ရှိနိုင်သည်။ စခန်းလူထုမှ ပါဝင်လာစေရန် နည်းလမ်းအချို့မှာ

- စခန်းခေါင်းဆောင်နှင့် ကိုယ်စားလှယ်ရွေးကောက်ပွဲများ ကျင်းပခြင်း
- သီးခြားလိုအပ်ချက်ရှိသောအုပ်စုများနှင့် အန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသောသူများအား ကိုယ်စားပြုစေခြင်းနှင့် ပါဝင်ဆောင်ရွက်စေခြင်း
- အစည်းအဝေးများ စနစ်တကျကျင်းပ၍ အစဉ်အလာအရ ခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ ရွေးကောက်ခံ ခေါင်းဆောင်များနှင့် ဆက်သွယ်ပြောဆိုခြင်း
- စခန်းတွင်း လွတ်လွတ်လပ်လပ်ရှိသော ဆက်သွယ်မှုများ ထူထောင်ခြင်း
- သီးခြားနည်းပညာကဏ္ဍအရ သို့မဟုတ် ကဏ္ဍပေါင်းစုံနှင့် သက်ဆိုင်သည့်ကိစ္စများအတွက် စခန်းလူထုကို ကိုယ်စားပြုသည့် အဖွဲ့ဝင်များပါဝင်သည့် စခန်းကော်မတီများ ဖွဲ့စည်းခြင်း၊ ထိုကော်မီတီများမှာ သက်ရွယ်ကြီးသူနှင့် အမျိုးသမီးများပါဝင်သော ကော်မတီ၊ ရေနှင့် သန့်ရှင်းရေးကော်မီတီ စသည်တို့ဖြစ်နိုင်သည်။
- စခန်းလူထုအား ၎င်းတို့၏ကျွမ်းကျင်မှုကို အသုံးချနိုင်သော သို့မဟုတ် မြင့်တင်ပေးနိုင်သော သီးခြားလုပ်ငန်း၊ စီမံချက်များတွင် စေတနာ့ဝန်ထမ်းများအဖြစ် ပါဝင်စေခြင်း
- တုံ့ပြန်ချက်ပေးရန်၊ ညွှန်းပို့နိုင်ရန်နှင့် မကျေနပ်ချက်များရှိပါက တိုင်ကြားနိုင်ရန် လုပ်ငန်းစဉ်နှင့် အစီအမံများ ရှိနေကြောင်း သေချာစေခြင်း
- စခန်းလူထုအား မိမိတို့၏ပတ်ဝန်းကျင်ကို ပြောင်းလဲနိုင်စေရန် လုပ်ပိုင်ခွင့်ပေးသည့် အစပြုလုပ်ငန်းများအား တိုက်တွန်း အားပေးခြင်း
- စခန်းလူထုအတွက် သတင်းအချက်အလက်ပေးနိုင်ပြီး ၎င်းတို့၏တင်ပြချက်များကို နားထောင်ပေးနိုင်မည့် လူထုအများစု ပါဝင်သော စည်းဝေးပွဲများကျင်းပပေးခြင်း
- စခန်းလူထုအား အလုပ်အကိုင်များပေးခြင်း၊ ဥပမာ - အလုပ်အတွက် ငွေကြေးလုပ်အားခပေးခြင်း အစီအစဉ်များ
- အိမ်နီးချင်း စောင့်ကြည့်ပေးမှုအစီအစဉ်၊ သီးခြားလိုအပ်ချက်ရှိသူများအတွက် စောင့်ရှောက်မှုအဖွဲ့များနှင့် အပန်းဖြေလုပ်ငန်း အုပ်စု စသည့် အုပ်စုများဖွဲ့၍ ပြည်သူလူထုမှ ပါဝင်ဆောင်ရွက်ရန် အားပေးခြင်း

☛ စခန်းလူထုပါဝင်ဆောင်ရွက်မှု ပတ်သက်၍ နောက်ထပ်သိလိုပါက အခန်း (၃) လူထု ပါဝင်ဆောင်ရွက်မှုတွင် ကြည့်ပါ။

☛ သီးခြားလိုအပ်ချက်ရှိသူများအတွက် ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ နောက်ထပ်သိလိုပါက အခန်း (၄) သီးခြားလိုအပ် ချက်ရှိသူများအား ကာကွယ်စောင့်ရှောက်ခြင်းတွင် ကြည့်ပါ။

## လူထုခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ

အချို့ကိစ္စများတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အစဉ်အလာအတိုင်း သို့မဟုတ် မိမိတို့ဘာသာ ဖွဲ့စည်းထား သည့် ခေါင်းဆောင်မှုပုံစံအတိုင်း လေးစားလက်ခံခြင်းနှင့် စခန်းတွင်းရှိ အုပ်စုအားလုံးကို ညီမျှစွာ ကိုယ်စားပြု ကြောင်း သေချာစေသည့် ခေါင်းဆောင်မှုပုံစံတို့အကြား ထိမ်းညှိမှုတစေရန်အတွက် အထူးကြိုးပမ်း ဆောင် ရွက်ရန် လိုအပ်နိုင်သည်။ ရှေးဦးစွာ ခေါင်းဆောင်ကို မည်သို့ရွေးချယ်ကြကြောင်း သိရှိရန် အရေးကြီးသည်။

- ➔ လူထုက အစဉ်အလာ ခေါင်းဆောင်မှုပုံစံကို ထိမ်းသိမ်းထားသလား
- ➔ လူထုသည် ယခုအချိန်တွင် မိမိတို့ဘာသာ ဖွဲ့စည်းထားသလား
- ➔ အချို့လူများကို ခေါင်းဆောင်အဖြစ် မည်သို့ မြှင့်တင်ပေးပါသလဲ
- ➔ သိသာထင်ရှားစွာ ဩဇာအာဏာရှိသူများသည် စခန်းလူထုနှင့် အေဂျင်စီများထံ မိမိတို့ကိုယ်ကို ခေါင်းဆောင်အဖြစ် ရိုးရှင်းစွာပင် ကိုယ်စားပြုလာပါသလား
- ➔ ခေါင်းဆောင်မှုသည် စစ်ရေးကိစ္စနှင့် သက်ဆိုင်ပါသလား

ဒုတိယအနေနှင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ခေါင်းဆောင်မှုပုံစံမှာ ကိုယ်စားပြုမှု မည်မျှရှိပြီး စခန်းလူထုကောင်းကျိုး အတွက် မည်မျှစိတ်ဝင်စားဆောင်ရွက်သည်ကို ဆုံးဖြတ်ရမည်။

ထိုသို့ဆုံးဖြတ်နိုင်ရန်အတွက် ကြံရွယ်ချက်များ၊ စွမ်းဆောင်ရည်များနှင့် လိုအပ်ချက်များအား ပြည့်စုံစွာသိရှိနိုင်ရန် လူထုအတွင်းမှ လူအမျိုးမျိုးနှင့် တတ်နိုင်သရွေ့ တွေ့ဆုံစကားပြောရန်လိုအပ်သည်။

ခေါင်းဆောင်မှုပုံစံ လုံးဝမရှိခြင်း သို့မဟုတ် ရှိနေသောပုံစံအား လုံးဝကျေနပ်မှုမရှိခြင်း စသော အခြေအနေများ မဟုတ် ခဲ့လျှင် လူထုအနေနှင့် မိမိတို့ဘာသာ စည်းရုံးတည်ဆောက်ရန် သို့မဟုတ် ရှိနေပြီးသော ပုံစံအရ ဆောင်ရွက်ရန်သာ ကူညီ ပေးသင့်ကြောင်း ယေဘုယျအားဖြင့် အကြံပြုသည်။ စခန်းတွင် ကိုယ်စားပြုမှုနှင့် တန်းတူညီမျှမှုတို့၌ လိုအပ်ချက်များရှိလျှင်လည်း လက်ရှိစနစ်ကို လျစ်လျူရှုပယ်ဖျက်ခြင်းမပြုဘဲ ဖြည့်စွက်အစီအမံများဖြင့်သာ အားဖြည့်ပေးရမည်။ ဥပမာ - အမျိုးသမီးများ ကိုယ် စားပြုပါဝင်ခြင်းမရှိသည်ကိုတွေ့ရလျှင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် နယ်မြေအစိတ်အပိုင်းတစ်ခုစီအတွက် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို ခေါင်းဆောင်ရွေးချယ်ရန် တိုက်တွန်းနိုင်သည်။ သို့သော် အမျိုးသမီးများ၌ တကယ်တမ်း ပြောရေးဆိုခွင့် မရှိဘဲ အနှစ်သာရကင်းမဲ့သော လေ့ကျင့်ခန်းသာ ဖြစ်မနေစေရန် ဂရုစိုက်ရန်လိုသည်။ ပို၍ထိရောက်သောနည်းလမ်းမှာ အမျိုးသမီးအုပ်စုများ၏ ကွန်ယက်တစ်ခု ဖြစ်လာစေရန် ပံ့ပိုးပေးပြီး အထက်အဆင့်တွင် အားလုံးကို ကိုယ်စားပြု၍ ပြောဆိုနိုင်စေခြင်း ဖြစ်သည်။ လူမျိုးစုငယ်များကိုလည်း ညီမျှစွာကိုယ်စားပြုပါဝင်နိုင်ရန် သေချာစေသင့်သည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အုပ်ချုပ်စီမံမှုဖွဲ့စည်းပုံကို ရေးဆွဲထူထောင်နိုင်ရန်အတွက် လူထုနှင့်အတူ လုပ်ဆောင်ရာ တွင် ခေါင်းဆောင်ကို မည်သို့ရွေးချယ်ကြသည်ကို သိရှိရန်လိုပြီး ဓလေ့ထုံးစံနှင့် မဆီလျော်သော အတုအယောင်လုပ်ငန်းစဉ်များကို တိုက်တွန်းဆောင်ရွက်စေခြင်း မပြုသင့်ပါ။ အလားတူပင် လူထုခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များအား ရှင်းလင်းသော ဆောင်ရွက်ရန်လုပ်ငန်းများနှင့်တကွ စာဖြင့်ရေးသားသဘောတူထားသော ရည်ညွှန်းတာဝန်ဝတ္တရားများစာရင်း (Terms of Reference) တို့ကို ပေးထားရန် လိုသည်။ အဂတိလိုက်စားမှုနှင့် မျက်နှာသာပေးဆက်ဆံမှုတို့အတွက် လူထု၏ စိုးရိမ်မှုများကို လူသားချင်းစာနာထောက်ထားမှု လုပ်သားများအနေနှင့် လေးစားဖြေရှင်းပေးရမည်။ ၎င်းတို့သည် မိမိတို့၏ရာထူးကို အလွဲသုံးရန် ကမ်းလှမ်းခံရခြင်း၊ သံသယဖြစ်ခြင်းတို့အား ရှောင်ရှားနိုင်ရန် လုပ်ငန်းစဉ်တိုင်းတွင် ပွင့်လင်းမြင်သာမှုကို သေချာစေရမည်။ ခေါင်း ဆောင်များနှင့် အဖွဲ့ဝင်များအတွက် ကျင့်ဝတ်စည်းမျဉ်းကို သဘောတူညီထားသင့်သည်။ ထိရောက်သော အုပ်ချုပ်စီမံမှုနှင့် ပါဝင်ဆောင်ရွက်မှုတို့ကို ထူထောင်နိုင်ရန်အတွက် ရှင်းလင်းသိသာသော ရည်ညွှန်းတာဝန်ဝတ္တရားများစာရင်း၊ မကျေနပ်မှု တိုင်ကြားချက်များအား လျှို့ဝှက်ချက်ထိန်းသိမ်းပေးသည့် အစီအမံ၊ အဖွဲ့ဝင်အဖြစ်မှဖယ်ထုတ်ရန် ဆောင်ရွက်ပုံနည်းလမ်း၊ အလှည့်ကျအဖွဲ့ဝင်များအဖြစ် တာဝန်ယူခြင်း စသည်တို့ကို ထည့်သွင်းစဉ်းစားရမည်။

## နည်းဥပဒေများ

အခြေအနေကောင်းမွန်တည်ငြိမ်နေသော စခန်းများတွင် လူထုဝန်ဆောင်မှုဌာနများအား အသုံးပြုရန်လမ်းညွှန်များ ချမှတ်ပေးထားခြင်းသည် အလွဲသုံးခြင်းကိုလျှော့နည်းစေပြီး တင်းမာမှုများကို တားဆီးပေးသည်။ ထိုလမ်းညွှန်များသည် အထူး သဖြင့် စခန်းလူထုအပါအဝင် ပတ်သက်သူများအားလုံး အမှန်တကယ် ပူးပေါင်းလုပ်ဆောင်ခြင်းမှ ရရှိလာခြင်းဖြစ်သင့်သည်။

**ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - အီရတ်နိုင်ငံရှိ စခန်းကော်မတီများနှင့် နိုင်ငံရေး**

ကျွန်ုပ်တို့၏ စခန်းစီမံခန့်ခွဲမှုလုပ်ငန်းများ အစပြုသည့်အချိန်ကပင် စခန်း၌ တက်ကြွသောနိုင်ငံရေးအုပ်စုများ ရှိကြောင်း သတိပြုမိသည်။ ထို့ကြောင့် စခန်းကော်မတီများမှတစ်ဆင့် လူထုအား လုပ်ပိုင်ခွင့်ပေး၍ စည်းရုံးနိုးဆော်ခြင်းမှာ စခန်းရှိ နိုင်ငံရေးပါတီများကို အားဖြည့်ရန်ဖြစ်နိုင်ကြောင်း သံသယရှိသူ၊ ပူပန်သူများနှင့် တစ်ခါတစ်ရံတွေ့ကြုံရသည်။ ဤသည်မှာ လုံခြုံရေးဆိုင်ရာအကြောင်းများကြောင့် အစိုးရက မဖြစ်စေလိုသောကိစ္စ ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လူထုစည်းရုံးနိုးဆော်မှု၏ ရည်ရွယ်ချက်ကို အစိုးရနှင့်ရော လူထုနှင့်ပါ အပြန်အလှန် ပြောဆိုရှင်းပြမှုများ အကြိမ်အနယ် ပြုလုပ်ခဲ့ရသည်။ ၄င်းမှာ ရှည်လျားသောလုပ်ငန်းစဉ်ဖြစ်၍ ထိုကာလအတွင်း ပြည်သူလူထု ကာကွယ်စောင့်ရှောက်မှု ကော်မတီများနှင့်အတူ လူထုစည်းရုံးနိုးဆော်မှုလုပ်ငန်းများကို စူးစိုက်ဆောင်ရွက်ခဲ့သည်။ ကော်မတီများ၏လုပ်ငန်းမှာ မိမိတို့၏ ကိုယ်ပိုင်လိုအပ်ချက်များကို ဖေါ်ထုတ်ဖြည့်ဆည်းနိုင်ရန်သာ အဓိကဖြစ်သည်။ ၄င်းတို့က ဒုက္ခသည်လူထုအား စခန်းမှ ကာကွယ်စောင့်ရှောက်ပေးမှုများ ပိုမိုတိုးတက်ကောင်းမွန်စေရန် ထိရောက်စွာ ရှင်းပြအရေးဆိုနိုင်ရေးအတွက် စွမ်းဆောင်ရည်များ မြှင့်တင်ပေးသည်။ ဒုက္ခသည်လူထုအား အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်စေခြင်းမှာ ကာကွယ်စောင့်ရှောက်မှု၏ အခြေခံနည်းဗျူဟာဖြစ်သည်။

## အခြေခံအဆောက်အဦများအား စောင့်ရှောက်ထိန်းသိမ်းရန် သေချာစေခြင်း

### စခန်း အခြေခံအဆောက်အဦများကို ပြုပြင်ထိမ်းသိမ်းခြင်း

လမ်းများနှင့် ပစ္စည်းဝေငှသည့်နေရာများ စသည့် စခန်းအခြေခံအဆောက်အဦများကို ပြုပြင်ထိန်းသိမ်းထားရန် သေချာစေရေးအတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှာ အဓိကတာဝန်ရှိသူဖြစ်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ဘဏ္ဍာငွေနှင့် စွမ်းဆောင်ရည်တို့အပေါ်မူတည်၍ ထိုလုပ်ငန်းကို မိမိတို့ကိုယ်တိုင်ဖြစ်စေ၊ အခြား ဝန်ဆောင်မှုပေးသည့်အဖွဲ့များနှင့် ပူးပေါင်း၍ ဖြစ်စေ ဆောင်ရွက်နိုင်သည်။ နေထိုင်စရာများကို မိသားစုများကိုယ်တိုင် ဆောက်လုပ်နေထိုင်ခြင်းကဲ့သို့ အရေးပေါ် ယာယီ အဆောက်အဦများရှိသည့်နေရာတွင် အိမ်သာများနှင့် ရေချိုးရန်နေရာများကို အေဂျင်စီမှ ထိန်းသိမ်းပေးရန် ဖြစ်လာမည်။ အမှိုက်ပစ်ခြင်းနှင့် အညစ်အကြေးများရှင်းထုတ်ခြင်းအတွက် လူထုပါဝင်သည့်စနစ်များကို ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး အစုအဖွဲ့ ဦးဆောင်အေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။ မြို့ပြများတွင် ဒေသအာဏာပိုင်များက တာဝန်ယူနိုင်သည်။ ဆေးခန်း များ၊ ကျောင်းများနှင့် စျေးနေရာတို့ရှိ အိမ်သာများကဲ့သို့သော စခန်းဝန်ဆောင်မှုများကို ထိန်းသိမ်းရန်အတွက် တီထွင်မှုရှိသော အကြံအစည်များကို သီးခြား စခန်းကော်မီတီများက စတင်နိုင်သည်။

**ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - ဒေသခံကောင်စီနှင့် လက်တွဲဆောင်ရွက်ခြင်း**

ဆူနာမီဖြစ်ပွားပြီးနောက် သီရိလင်္ကာနိုင်ငံတွင် ယာယီစခန်းနေရာများတွင် အိမ်သာများ အဆင့်မြှင့်ရေးစီမံချက် တစ်ခုကို ဒေသအာဏာပိုင်များနှင့်အတူ ဆောင်ရွက်ခဲ့သည်။ မြူနီစပယ်ကောင်စီတွင် စွမ်းဆောင်ရည်နည်းပါးသောကြောင့် အိမ်သာကျင်းများကို မှန်မှန်ရှင်းလင်းသန့်စင်ရန်မှာ စိန်ခေါ်မှုတစ်ခုဖြစ်နေသည်။ ဖြေရှင်းမှုအနေနှင့် အလျင်အမြန် ရှင်းလင်း နိုင်ရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီက စုပ်ထုတ်စက် တပ်ဆင်ထားသောယာဉ်ဖြင့် သန့်ရှင်းပေးသည့် ပုဂ္ဂလိကဝန်ဆောင်မှု အတွက် ဘဏ္ဍာငွေထောက်ပံ့ပေးပြီး တစ်ပြိုင်တည်းမှာပင် အစိုးရထံမှ ထောက်ပံ့မှုရရန် ရှင်းပြအရေးဆိုပေးသည်။ အရေးပေါ် အဖြစ်ဆုံးကိစ္စကို ပုဂ္ဂလိကကန်ထရိုက်ဖြင့် ဖြေရှင်းပြီးနောက် ဒေသခံကောင်စီသည် တဖြေးဖြေး ရေရှည်အတွက် တာဝန် ယူနိုင်ကာ ပိုမိုသင့်လျော်သောစီစဉ်မှုများ ပြုလုပ်သည်။

### သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း

သဘာဝပတ်ဝန်းကျင်နှင့် သက်ဆိုင်သော စိုးရိမ်မှုများမှာ စခန်းတိုင်းတွင်ရှိကြ၍ စခန်းနေရာ ရွေးချယ်သည့်အချိန်မှ တာဝန်ကျေပွန်စွာ ပိတ်သိမ်းသည့်အချိန်အထိ ထည့်သွင်းစဉ်းစားပေးရန်လိုသည်။ စောစီးစွာ ပြင်ဆင်ခြင်း၊ သေချာစွာ အစီအစဉ်ဆွဲခြင်းနှင့် ထိခိုက်ခံရသည့်လူထုမှစ၍ နိုင်ငံအာဏာပိုင်များအထိ သက်ဆိုင်သူအားလုံးနှင့် ကောင်းစွာညှိနှိုင်းဆောင် ရွက်ခြင်းတို့ကို စခန်းလုပ်ငန်းများ၏ ရှေ့ဦးဆုံးကာလများကပင် စတင်ရမည်။ မြေဆီလွှာတိုက်စားခြင်းနှင့် သဘာဝ သစ်တောဖုံးလွှမ်း

မှု ဆုံးရှုံးပျောက်ကွယ်ခြင်းတို့မှာ အဖြစ်အများဆုံးနှင့် မြင်သာသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများဖြစ်သည်။ မြေအောက်ရေညစ်ညမ်းခြင်း၊ မြေဆီလွှာညစ်ညမ်းခြင်းကဲ့သို့သော အခြားသက်ရောက်မှုများမှာ မမြင်သာသော်လည်း ညီမျှစွာ အရေးကြီးသည်။ ထိုစိုးရိမ်ပူပန်မှုများ၏ သဘာဝနှင့် အတိုင်းအတာမှာ နယ်မြေဒေသနှင့် ဆောင်ရွက်မှုပုံစံတို့ကို လိုက်၍ ခြားနားနိုင်သည်။

စခန်းတွင်းနှင့်ပတ်ဝန်းကျင်ရှိ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို အစုအဖွဲ့၊ ကဏ္ဍ ဦးဆောင်အေဂျင်စီများ၊ နိုင်ငံအာဏာပိုင်များနှင့် အိမ်ရှင်လူထုတို့နှင့်အတူ ညှိနှိုင်းဆောင်ရွက်သင့်သည်။

**စခန်းလူထုနှင့် နီးကပ်စွာ လက်တွဲဆောင်ရွက်ခြင်း**

သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအစဉ်ကို စခန်းလူထု၊ ကော်မတီများ (ဖြစ်နိုင်ပါက ကျေးရွာအခြေပြု သဘာဝပတ်ဝန်းကျင်ဆိုင်ရာအုပ်စုများ) နှင့်အတူ ရေးဆွဲခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ရမည့် ဦးစားပေးကိစ္စများကို ဖေါ်ထုတ်နိုင်ပေမည်။

☛ သဘာဝပတ်ဝန်းကျင်အကြောင်း ပိုမိုသိရှိလိုပါက အခန်း (၆) - သဘာဝပတ်ဝန်းကျင်တွင်ကြည့်ပါ။

## သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း

### မှတ်ပုံတင်ခြင်း

အခြေအနေအများစုတွင် သတင်းအချက်အလက်များစီမံခန့်ခွဲခြင်းမှာ စခန်းလူထုအား မှတ်ပုံတင်စာရင်းသွင်းခြင်းနှင့် နီးစပ်စွာ ဆက်နွယ်နေသည်။ မှတ်ပုံတင်ထားခြင်းဖြင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေနှင့် လူထု၏ နောက်ခံအခြေအနေဆိုင်ရာ အခြေခံအချက်အလက်များရရှိနိုင်ပြီး ကာကွယ်စောင့်ရှောက်မှုနှင့် အကူအညီပေးရေးစီမံချက်များ၏ အရည်အသွေးနှင့် ထိရောက်မှုတို့အတွက် အသိပေးနိုင်သည်။ နောက်ခံအခြေအနေပေါ်မူတည်၍ မှတ်ပုံတင်စာရင်းသွင်းရန်အချက်များမှာ အမည်၊ အသက်၊ ကျား မ၊ မိသားစု အရွယ်အစား၊ ထိခိုက်လွယ်မှု၊ နေရင်းဒေသ၊ လူမျိုး၊ ဘာသာစကားနှင့် ပညာအရည်အချင်းတို့ ဖြစ်နိုင်သည်။ မှတ်ပုံတင်စာရင်းမှ အချက်အလက်များအား သင့်လျော်နားလည်စွာအသုံးချပါက ဆီလျော်ကိုက်ညီသော လုပ်ငန်းအစီအစဉ်များဖြင့် တုံ့ပြန်ဆောင်ရွက်ပေးနိုင်ပြီး အောက်ပါတို့ကို ဖြစ်ပေါ်ရရှိနိုင်စေသည်။

- ➔ အမြတ်ထုတ်ခံရနိုင်သည့် အန္တရာယ်နှင့် ထိခိုက်လွယ်မှုတို့ကို လျော့ချနိုင်မည်။
- ➔ စခန်းနေလူထုအားလုံး အခြေခံရပိုင်ခွင့်များနှင့် ဝန်ဆောင်မှုများကို ရရှိကြောင်း သေချာစေနိုင်သည်။ ထပ်တလဲလဲ ပေးအပ်ရရှိခြင်းကို လျော့နည်းစေမည်။
- ➔ စခန်းလူထုထဲမှ မည်သည့်အုပ်စုနှင့် တစ်ဦးချင်းစီတို့သည် အထူးအကူအညီနှင့် ကာကွယ်စောင့်ရှောက်မှုများ လိုအပ်ကြောင်း ဖေါ်ထုတ်သိရှိနိုင်မည်။
- ➔ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအေဂျင်စီများသည် စခန်းမှထွက်ခွာသူနှင့် အသစ်ရောက်လာသည့် ရွှေ့ပြောင်းနေထိုင်ရသူများ နှစ်မျိုးလုံး၏ ရွှေ့လျားသွားလာမှုကို စောင့်ကြည့်နိုင်မည်။

အမျိုးသမီးများ၊ အတူလိုက်ပါသူမရှိသော မိသားစုနှင့်ကွဲနေသည့် ကလေးများ အပါအဝင် လူများအား မှတ်ပုံတင်စာရင်းသွင်းခြင်းမှာ ထိခိုက်လွယ်မှုကို လျော့ချပေးနိုင်သည်။ အကူအညီများကို တိုးတက်လက်လှမ်းမှီ စေနိုင်သည်။ အမြတ်ထုတ်ခံရမှုများ လျော့နည်းစေနိုင်သည်။ ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများ၏ စခန်းတွင် စခန်းစီမံခန့်ခွဲမှု အေဂျင်စီက မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပေးလေ့ရှိပြီး နယ်စပ်ဖြတ်ကျော် ဒုက္ခသည် စခန်းများအတွက် UNHCR က ဆောင်ရွက်ပေးသည်။

☛ မှတ်ပုံတင်ခြင်းစနစ် ထူထောင်ဆောင်ရွက်ရန် လမ်းညွှန်ကို အခန်း ၉ - မှတ်ပုံတင်ခြင်းနှင့် အချက်အလက် စာရင်းပြုစုခြင်း-တွင်ကြည့်ပါ။

### တစ်ခုတည်းသော မှတ်ပုံတင်ခြင်းစနစ်

အကြိမ်ကြိမ်မှတ်ပုံတင်ခြင်းမျိုး ဖြစ်မနေစေရန် တစ်ခုတည်းသော မှတ်ပုံတင်ခြင်းစနစ်ကို လုပ်ငန်းဆောင်ရွက်နေသူအားလုံး၏ သဘောတူညီမှုဖြင့် ထူထောင်သင့်သည်။ ဝန်ဆောင်မှုပေးသူများက ထိန်းသိမ်းထားသော ကဏ္ဍအလိုက်စာရင်းများ၊ ကိန်းဂဏန်းများကို စခန်း၏ ဗဟိုအဆင့် စာရင်းစနစ်တွင်းသို့ ညီညွတ်ဆီလျော်စွာ ထည့်သွင်းပါဝင်စေသင့်သည်။

## အခြားအချက်အလက်များ

မှတ်ပုံတင်စနစ်က ကောက်ယူသော အချက်အလက်များအပြင် မတူညီသောအေဂျင်စီများသည် လုပ်ငန်းအစီအစဉ်အလိုက် သီးခြားဆန်းစစ်မှုများမှတစ်ဆင့် အချက်အလက်များကိုကောက်ယူကြသည်။ ၄င်းတို့တွင် နိုင်ငံတကာရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အဖွဲ့အစည်း (IOM) မှ ရွှေ့ပြောင်းသွားလာမှု ခြေရာကောက်ဇယား (Displacement Tracking Matrix) နှင့် UNHCR ၏ အသက်၊ ကျားမ၊ ကွဲပြားခြားနားမှုများကို ထည့်သွင်းပါဝင်စေခြင်း (AGDM) နည်းလမ်း စသော မိတ်ဖက်အဖွဲ့အမျိုးမျိုး၏ ကဏ္ဍစုံဆန်းစစ်မှုများ ပါဝင်နိုင်သည်။ အလားတူ အရေးကြီးသည်မှာ လုပ်ငန်းအစီအစဉ်အလိုက် စစ်တမ်းများနှင့် စခန်းဝန်ထမ်းများ၏ အထွေထွေ ကြည့်ရှုလေ့လာမှုများဖြစ်သည်။

ပါဝင်ပတ်သက်သူများအား အချက်အလက်အားလုံးကို အပတ်စဉ်၊ တစ်ပတ်နှစ်ကြိမ် ညှိနှိုင်းအစည်းအဝေးများနှင့် ကဏ္ဍအလိုက်အစည်းအဝေးများတွင် အချိန်ကာလအလိုက် ဆီလျော်ပါက မျှဝေပေးသင့်သည်။ သို့မှသာ သဘောတူညီမှုများနှင့် ဆုံးဖြတ်ချက်များသည် စခန်း၏ အချိန်နှင့်တစ်ပြေးညီဖြစ်သော အချက်အလက်များပေါ်တွင် အခြေခံနိုင်လိမ့်မည်။

## အထူးသီးခြားလိုအပ်ချက်ရှိသူများကို ဖော်ထုတ်ခြင်း

ရွှေ့ပြောင်းနေထိုင်ရသူလူထုမှာ တစ်သားတည်းတူညီသူများ ဖြစ်လေ့မရှိပါ။ ကျားမ၊ လူမျိုးစု၊ ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ နိုင်ငံရေးယုံကြည်ချက်၊ ကိုးကွယ်သည့်ဘာသာနှင့် အသက်အရွယ် စသည်တို့အားလုံးသည် ရွှေ့ပြောင်းနေထိုင်ရသည့် အခြေအနေတွင် ထိခိုက်လွယ်မှုနှင့် ရုန်းကန်ရင်ဆိုင်နိုင်စွမ်းတို့အပေါ် သက်ရောက်မှုများရှိသည်။ သီးခြားလိုအပ်ချက်ရှိသည့်အုပ်စုများနှင့် အန္တရာယ်ကျရောက်လွယ်သူတို့၏ အခြေအနေ ပိုမိုဆိုးရွားမလာစေရန် ကာကွယ်တားဆီးပေးနိုင်ရေးအတွက် ၄င်းတို့၏ အားနည်းချက်ကြောင့် လိုအပ်မှုများနှင့် သက်ရောက်နိုင်ခြေတို့ကို သေချာစွာဖော်ထုတ်ခြင်းမှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီအတွက် အဓိကစိန်ခေါ်မှုဖြစ်သည်။

### သီးခြားလိုအပ်ချက် ရှိသူများအတွက် မြင့်မားသော အန္တရာယ်ကျရောက်နိုင်ခြေ

အမျိုးသမီးများနှင့်ကလေးများမှာ လိင်မှုဆိုင်ရာအကြမ်းဖက်မှုနှင့် အမြတ်ထုတ်မှုများခံရရန် အန္တရာယ် ပိုမို မြင့်မားသည်။ ပုံမှန်အစဉ်အလာနေထိုင်မှုနှင့် ပံ့ပိုးမှုအခြေအနေများ ပျက်ယွင်းသွားပါက ၄င်းတို့သည် အခြားသူများနှင့်ယှဉ်လျှင် အခက်အခဲများ ပို၍တွေ့ရတတ်သည်။ အိပ်အိုင်ဗီပိုးရှိသူများမှာ ရောင်ဖယ်ခြင်းခံရနိုင်ပြီး စခန်းအခြေအနေတွင် ပို၍ အခက်အခဲတွေ့နိုင်သည်။

သီးခြားလိုအပ်ချက်ရှိသည့်အုပ်စုများနှင့် အန္တရာယ်ကျရောက်လွယ်သူများမှာ နောက်ခံအခြေအနေများအရ ခြားနားနိုင်သော်လည်း အများအားဖြင့် အောက်ပါတို့ပါဝင်သည်။

- ➔ အတူလိုက်ပါစောင့်ရှောက်သူမရှိသော၊ မိသားစုနှင့် ကွဲကွာနေသော ကလေးများ
- ➔ မိဘမဲ့များ
- ➔ ယခင်က လက်နက်ကိုင်အဖွဲ့များ၊ အုပ်စုများနှင့် ဆက်နွယ်နေသော ကလေးများ
- ➔ အိမ်ထောင်စုကို ဦးဆောင်နေရသော ကလေးများ
- ➔ ကျောင်းမနေတော့သော၊ အလုပ်အကိုင်မရှိသော လူငယ်များ
- ➔ ယခင်က လက်ကိုင်ကိုင်အဖွဲ့များ၊ အုပ်စုများနှင့် ဆက်နွယ်နေသော လူငယ်များ
- ➔ အိမ်ထောင်စုကို ဦးဆောင်နေရသော အမျိုးသမီးများ၊ မုဆိုးမများ

- ကူညီပံ့ပိုးပေးမည့် အမျိုးသားမရှိသော အမျိုးသမီးများ၊
- ယခင်က လက်ကိုင်ကိုင်အဖွဲ့များ၊ အုပ်စုများနှင့် ဆက်နွယ်နေသော အမျိုးသမီးများ၊
- လိင်မှုဆိုင်ရာ အကြမ်းဖက်မှုခံခဲ့ရသော အမျိုးသမီးများ၊
- မိသားစု သို့မဟုတ် ရပ်ရွာလူထု ပံ့ပိုးမှုမရှိသော သက်ရွယ်ကြီးသူများ
- အဖိုးအဖွားများက ဦးဆောင်ရသော အိမ်ထောင်စုများ
- မိသားစု သို့မဟုတ် ရပ်ရွာလူထု ပံ့ပိုးမှုမရှိသော နာမကျန်းဖြစ်နေသူများ
- ကိုယ်ခန္ဓာ မသန်စွမ်းသူများ
- စိတ်ပိုင်းဆိုင်ရာ မကျန်းမာသူများ
- အိပ်အိုင်ဗီပိုးရှိသူများ သို့မဟုတ် ကူးစက်ခံရရန် အန္တရာယ်ရှိသူများ
- နှိပ်စက်ညှဉ်းပမ်းမှု ခံစားခဲ့ရသူများ
- လူမျိုးစုငယ် သို့မဟုတ် နိုင်ငံငယ်များမှ လူများ
- ဘာသာရေး အုပ်စုငယ်မှလူများ
- ဘာသာစကား အုပ်စုငယ်မှလူများ
- ရွှေ့ပြောင်းသွားလာ နေထိုင်လေ့ရှိသူများ၊ ကျေးလက်တွင်သာ နေထိုင်လေ့ရှိသူများ
- အမျိုးသမီး လိင်တူစိတ်ဝင်စားသူများ၊ အမျိုးသား လိင်တူစိတ်ဝင်စားသူများ၊ လိင်နှစ်မျိုးလုံး စိတ်ဝင်စားသူများ၊ လိင်ပြောင်းထားသူများ နှင့် လိင်နှစ်မျိုးလုံးရှိသူများ
- ချို့တဲ့နွမ်းပါး၍ လုပ်ပိုင်ခွင့်မရှိသူ လူငယ် နှင့် အမျိုးသားများ
- လိင်မှုဆိုင်ရာ အကြမ်းဖက်မှု ခံခဲ့ရသော အမျိုးသားများ၊

☛ သီးခြားလိုအပ်ချက်ရှိသူများအကြောင်းပိုမိုသိလိုပါကအခန်း(၁၁)-သီးခြားလိုအပ်ချက်ရှိသူများအားကာကွယ်စောင့်ရှောက်ခြင်း တွင်ကြည့်ပါ။

## လျှို့ဝှက်ချက်ထိန်းသိမ်းပေးခြင်း

စခန်းလူထု၏ ကိုယ်ပိုင်အချက်အလက်များကို လျှို့ဝှက်ချက်ထိန်းသိမ်းပေးခြင်းအား လေးစားလိုက်နာရမည်။ အချက်အလက်များမကောက်ယူမီကပင် ထိခိုက်လွယ်သော အချက်အလက်များကို စနစ်တကျကာကွယ်လျှက် နောက်ခံ ထိန်းသိမ်းမှုများရှိရန် ပုံမှန်လုပ်ဆောင်ထားရမည်။ ပဋိပက္ခ အခြေအနေများတွင် အထူးသဖြင့် ပြိုင်ဆိုင်နေသော လူမျိုးစုများအကြား သို့မဟုတ် အာဏာပိုင်များအကြား စခန်းတွင်း မည်သူတို့ကို လက်ခံထားရှိသည့် စာရင်းကို များစွာ သိရှိလိုကြ သဖြင့် အချက်အလက်များ၏ လုံခြုံမှုမှာ အထူးအရေးကြီးသည်။ ထိခိုက်လွယ်သောသဘောရှိသည့် စခန်းလူထု၏ အချက်အလက်များမှာ လူ့အခွင့်အရေး ချိုးဖေါက်မှုဆိုင်ရာ အချက် အလက်များအထိ ရှိနိုင်ပြီး မှတ်ပုံတင်စာရင်းမှတစ်ဆင့် စုံစမ်းနိုင်သည်။ ကျားမလူမှုကဏ္ဍကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှုများနှင့် မိဘများ၊ စောင့်ရှောက်သူများနှင့် ကွဲကွာနေသော ကလေးများနှင့်ဆိုင်သော အချက်အလက်များကို အထူးသတိပြု၍ ထိန်းသိမ်းရမည်။

☛ မှတ်ပုံတင်ခြင်းနှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ နောက်ထပ်သိရှိလိုပါက အခန်း (၉) - မှတ်ပုံတင်ခြင်းနှင့် အချက်အလက်များ စာရင်းပြုစုခြင်း နှင့် အခန်း (၅) - သတင်းအချက်အလက်စီမံခန့်ခွဲမှု တို့တွင်ကြည့်ပါ။

## ကာကွယ်စောင့်ရှောက်မှုကို စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အရေးကြီးသော အဖြစ်အပျက်များကို သတင်းပို့ အစီရင်ခံခြင်း

သတင်းအချက်အလက်စီမံခန့်ခွဲခြင်းသည် ကာကွယ်စောင့်ရှောက်မှုနှင့်ဆိုင်သည့် ဖြစ်ရပ်များကို ခြေရာကောက် စုံစမ်းခြင်း နှင့်လည်း ဆက်စပ်နိုင်သည်။ ဤသည်မှာ အလွန် သတိပြုလုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်၍ ဝန်ထမ်းများအား ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ကျွမ်းကျင်အေဂျင်စီမှ သင်တန်းများ ကျယ်ပြန့်စွာ ပေးထားရမည်။ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အချက်အလက်များသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေ သို့မဟုတ် လုံခြုံရေးဆိုင်ရာအခြေအနေများကို

တိုးတက်ကောင်းမွန်စေရန် အသုံးပြုနိုင်သည်။ စခန်းများ တွင် ကာကွယ်စောင့်ရှောက်မှုအား စောင့်ကြည့်ကြီးကြပ် ခြင်း၏ သက်ရောက်မှုနှင့် ထိရောက်မှုမှာ ရပ်ရွာလူထု နှင့် အုပ်ချုပ်ရေးဘက်မှ သို့မဟုတ် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အသိုက်အဝန်းမှ တုံ့ပြန်ဖြေရှင်း ပေးနိုင်စွမ်းအပေါ်တွင် များစွာ တည်မှီနေသည်။ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဖြစ်ပွားမှုများကို တုံ့ပြန် ဖြေရှင်းရန်မှာ ကာကွယ်စောင့်ရှောက်မှုကို တာဝန်ခံယူထားသော အေဂျင်စီများတွင် တာဝန်ရှိ ပေသည်။ ဒုက္ခ သည်စခန်းများတွင် ထိုတာဝန်ကို ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီမှ အမြဲဦးဆောင် တာဝန်ယူ သည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ ကာကွယ်စောင့်ရှောက်မှုအတွက် စောင့်ကြည့်ကြီးကြပ်ခြင်းလုပ်ငန်းကို တာဝန်ကျေပွန် သေချာစွာ ဆောင်ရွက်နိုင်ရန်မှာ ရှင်းလင်းစွာ သိနားလည်ခြင်းနှင့် စွမ်းဆောင်ရည်တို့ နှစ်မျိုးလုံး ရှိရန်လိုသည်။ ၄င်းအတွက် အောက်ပါတို့ကို ရှင်းလင်းစွာ သိရှိနားလည်ရန်လိုသည်။

- အေဂျင်စီ၏ ဆောင်ရွက်ရန် တာဝန်ခံယူထားသော လုပ်ငန်းများ
- အစိုးရ၏ ကာကွယ်စောင့်ရှောက်မှုအတွက် စောင့်ကြည့်ကြီးကြပ်ခြင်းဆိုင်ရာ အခန်းကဏ္ဍ
- သီးခြား အခြေအနေ၊ ပါဝင်လုပ်ဆောင်သူများနှင့် ၄င်းတို့၏ ကာကွယ်စောင့်ရှောက်မှုနှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ်များနှင့် စွမ်းဆောင်ရည်များ
- သတင်းအချက်အလက်များ၏ ထိခိုက်လွယ်မှု နှင့် ဖြစ်နိုင်သည့် အန္တရာယ်များ
- မည်သည့် ကိန်းဂဏန်း၊ အချက်အလက်များသည် အထူးသဖြင့် လိုအပ်ပါသလဲ။ ဘာကြောင့်လဲ
- ဝန်ထမ်းများအား သင်တန်းပေးရန် လိုအပ်ချက်
- စခန်းလူထုအပေါ် တုံ့ပြန်ဆောင်ရွက်ပေးရန်အတွက် တာဝန်ခံယူမှုရှိရန်။ မည်သည့် တုံ့ပြန်ဆောင်ရွက်ချက် များကို မျှော်လင့်နေနိုင်ပါသလဲ။
- ကာကွယ်စောင့်ရှောက်မှုအတွက် စောင့်ကြည့်ကြီးကြပ်ရာမှ ဖေါ်ထုတ်တွေ့ရှိရသည့် ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက် ပေးနိုင်သည့် အထူးအဖွဲ့အစည်းများထံသို့ ညွှန်းပို့ပေးရန် အစီအမံများ
- သင့်လျော်သော ပါဝင်ပတ်သက်သူများထံသို့ မျှဝေပေးရမည့် အစီရင်ခံစာနှင့် အချက်အလက်များ
- လူ့အခွင့်အရေးချိုးဖေါက်မှုနှင့် အခြားကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်ဆိုင်သည့် သတင်း အချက် အလက်များကို ကောက်ယူခြင်းဖြင့် ဖြစ်လာနိုင်သည့် နောက်ဆက်တွဲကိစ္စများ
- ထိုကိစ္စရပ်များကို အချက်အလက် မကောက်ယူပါက ဖြစ်လာနိုင်သည့် နောက်ဆက်တွဲကိစ္စများ

ထိုအချက်များသည် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအား အဘယ်ကြောင့် ဆောင်ရွက်ရသည်၊ မည်သည့်တုံ့ပြန် ဆောင်ရွက် ပေးနိုင်သည့် စွမ်းဆောင်ရည်များရှိသည်၊ စခန်းလူထုမှ မည်သည်တို့ကို မျှော်လင့်သည်၊ မည်သည့် သတင်းအချက်အလက်များ ပေးသင့်သည်၊ မည်သည့် လုံခြုံရေးနှင့် လျှို့ဝှက်ချက်ထိမ်းသိမ်းမှု လုပ်ငန်းစဉ် များကို "အန္တရာယ် မဖြစ်စေအောင် ဆောင်ရွက်ရေး (Do No Harm)" မူအရ လိုက်နာဆောင်ရွက်ရမည်တို့ကို သိရှိနားလည်စေပြီး ကာကွယ်စောင့်ရှောက်မှုအတွက် စောင့်ကြည့် ကြီးကြပ်မှုလုပ်ငန်းကို ဆောင်ရွက်နိုင်စေလိမ့်မည်။

## အန္တရာယ် မဖြစ်စေအောင် ဆောင်ရွက်ရေး (Do No Harm)

စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် စခန်းတွင်းရှိ အခြားလုပ်ရှားဆောင်ရွက်သူများသည် အကူအညီပေးရေးအစီအစဉ်သို့မဟုတ် တင်ပြအရေးဆိုသည့်လုပ်ငန်းများကြောင့် စခန်းနှင့် အိမ်ရှင်လူထု သို့မဟုတ် အခြားသူများအား လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှု၊ အခြေခံဝန်ဆောင်မှုများ မရရှိမှုနှင့် ဂုဏ်သိက္ခာနှင့် ရိုးသားဖြောင့်မှန်မှု တို့အတွက် ထိခိုက်နိုင်ခြေ ရှိမရှိကို ဂရုတစိုက် စဉ်းစားရန် လိုအပ်သည်။ စခန်းနေလူထုအား ကာကွယ်စောင့်ရှောက်ခြင်း၊ ဂုဏ်သိက္ခာနှင့် ရိုးသားဖြောင့်မှန်မှုရှိစေခြင်း တို့သည် အကူအညီ ပေးရေးအစီအစဉ် အားလုံး၏ ဗဟိုချက်ဖြစ်သင့်သည်။

**လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများ၏ နောက်ဆက်တွဲများ**

အန္တရာယ် မဖြစ်စေအောင် ဆောင်ရွက်ရေးမူအရ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီများအား မိမိတို့၏ လုပ်ငန်းများမှတစ်ဆင့် ရည်ရွယ်၍ ဖြစ်စေ၊ မရည်ရွယ်ဘဲဖြစ်စေ ဖြစ်လာနိုင်သော နောက်ဆက်တွဲများ အပေါ် စဉ်းစား

ဆင်ခြင်စေရန် လိုအပ်သည်။ ၎င်းသည် ပဋိပက္ခ သို့မဟုတ် ဘေးအန္တရာယ် အခြေအနေများတွင် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု သို့မဟုတ် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများက ပဋိပက္ခနှင့် ခွဲခြားမှုများကို ပို၍ဆိုးစေမည့်အစား တိုက်ခိုက်မှုများတွင်မပါဝင်ဘဲ ပဋိပက္ခဖြစ်စေသော အရေးကိစ္စများကို ဖြေရှင်းမည့်စနစ်များကို ထူထောင်နိုင်ကြစေရေးအတွက် ကူညီနိုင်မည့်နည်းလမ်းများ ဖေါ်ထုတ်ရန်ဖြစ်သည်။ စီမံချက်က လူသားချင်းစာနာထောက်ထားမှု လုပ်သားများအား ပဋိပက္ခအခြေအနေများတွင် အကူအညီများပေးခြင်း၏ ရှုပ်ထွေးမှုကို ဦးတည်ဖြေရှင်းရန်နှင့် အကူအညီများရရှိမည့် လူ့အဖွဲ့အစည်းများအတွက် အန္တရာယ် လျော့နည်းစေရန် တိုက်တွန်းသည်။ အန္တရာယ် မဖြစ်စေအောင် ဆောင်ရွက်ရေးမှုသည် စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် စခန်းရှိ အခြားပါဝင်ပတ်သက်သူများအား ပဋိပက္ခ၊ စခန်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအကြား ရှုပ်ထွေးသော ဆက်နွယ်မှုကို နားလည်စေရန် ကူညီပေးသည်။

### ယုံကြည်မှုတည်ဆောက်ခြင်း

အလွန်ထိခိုက်လွယ်သော ကိုယ်ရေးအချက်အလက်များ သို့မဟုတ် ဓလေ့ထုံးစံအရ လက်ခံမထားသည့်တိကျသော သတင်းအချက်အလက်များ ရရှိတတ်ခြင်းကြောင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ကိစ္စများသည် စိန်ခေါ်မှု အလွန်များပြားသည်။ ၎င်းအတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် လူထုအကြား ယုံကြည်မှု ထူထောင်ခြင်းများ ပါဝင်ရမည်။ ဥပမာအားဖြင့် အချိန်နှင့်အမျှ ယုံကြည်မှုကို အဖြေးဖြေး ထူထောင်လိုပြီး တိကျသော အချက်အလက်များ အလိုရှိပါက အမျိုးသမီးများကို တွေ့ဆုံမေးမြန်းရာတွင် ကောင်းစွာလေ့ကျင့်သင်ကြားပေးထားသော အမျိုးသမီးဝန်ထမ်းနှင့် လျှို့ဝှက်ချက်ထိမ်းသိမ်းနိုင်ပြီး တစ်ပြေးညီဖြစ်သော ဦးတည်အုပ်စုငယ်များကို သုံးရန် လိုအပ်နိုင်သည်။

☛ ဦးတည်အုပ်စုများနှင့်ပတ်သက်၍ ပိုမိုသိလိုပါက အခန်း (၃) - လူထုပူးပေါင်းပါဝင်ခြင်းတွင် ကြည့်ပါ။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - ဆူဒန်နိုင်ငံတွင် နေရပ်စွန့်ခွာနေထိုင်ရသူများ၏ စခန်း၌ စောင့်ကြည့် ကြီးကြပ်ခြင်း

သတင်းအချက်အလက်ကောက်ယူမည့် စခန်းစီမံခန့်ခွဲမှုဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးထားပြီး နေထိုင်သူများနှင့် ကောင်းစွာသိကျွမ်းကာ စခန်းထဲတွင် သွားလာနေသည်ကို မှန်မှန်တွေ့မြင်ရသည်။ ၎င်းတို့ ကောက်ယူသည့် အချက်အလက်များ၏ ခေါင်းစဉ်မှာ အများအားဖြင့် ရာသီဥတုပြောင်းလဲသည်နှင့်အမျှ မတူညီကြချေ။ မိုးရာသီတွင် ဂမ်းရောဂါနှင့် နေထိုင်စရာများ ရေလွှမ်းမိုးမှုကို အချက်အလက်ကောက်ယူခြင်းဖြင့် သက်ဆိုင်ရာအေဂျင်စီများအား အလျှင်အမြန် ဆက်သွယ်ကာ ပျက်စီးနေသော ရေစုပ်ပန့်ကို ပြင်ဆင်ခြင်း၊ အသစ်ရောက်ရှိလာသူများကို စာရင်းသွင်းခြင်းနှင့် ရေလွှမ်းသောနေရာများကို သဲအိတ် ဖြန့်ဝေပေးခြင်း တို့ကို ဆောင်ရွက်နိုင်စေသည်။ အလျှင်အမြန် ကြီးထွားလာနိုင်ပြီး စခန်းတစ်ခုလုံး၏ လုံခြုံရေး နှင့် သာယာရေး အား ထိခိုက်နိုင်သည့် နေရာအလိုက် အရေးကိစ္စငယ်များကို ဖြေရှင်းနိုင်ရန် အတွက် ၎င်းတို့က ကူညီပေးသည်။

☛ ကာကွယ်စောင့်ရှောက်မှု နှင့်ပတ်သက်၍ ပိုမိုသိလိုပါက အခန်း (၈) - ကာကွယ်စောင့်ရှောက်မှု တွင် ကြည့်ပါ။

## သတင်းအချက်အလက်ဖြန့်ဝေပေးခြင်း

သတင်းအချက်အလက်များ ရရှိနိုင်မှုမှာ အခြေခံလူ့အခွင့်အရေးဖြစ်သည်။ လူတိုင်းသည် မိမိတို့ပတ်ဝန်းကျင်ရှိ အခြေအနေ၊ လုံခြုံရေးကိစ္စများ၊ မိသားစုနှင့် မိတ်ဆွေများ ရောက်ရှိနေသည့်နေရာ၊ လတ်တလော အငြင်းပွားမှုနှင့် အတွေးအမြင်များ၊ ရွေးချယ်ဆုံးဖြတ်နိုင်ရန် အနာဂါတ်အလားအလာနှင့် အခွင့်အလမ်းများ စသည်တို့ကိုသိရှိရန် လိုအပ်သည့်အတွက် သိရှိလိုကြသည်။ အရေးပေါ်အခြေအနေကြောင့် ရွှေ့ပြောင်းနေထိုင်ကြရသည့် လူထု၏ ဘဝများ ယိုယွင်းနေချိန်တွင် သတင်းအချက်အလက်များ လစ်ဟာမှု ဖြစ်ပွားလေ့ရှိသည်။ ကံမကောင်းစွာပင် သတင်းအချက် အလက်များ မရရှိသည့်အခါ ကောလဟာလများနှင့် တမင်ဖြန့်ချိသော သတင်းမှားများကို ကြုံတွေ့ရလေ့ရှိသည်။

### သတင်းအချက်အလက်များက အသက်ကို ကယ်တင်နိုင်သည်။

"လူများသည် သတင်းအချက်အလက်များကို ရေ၊ အစားအစာ၊ ဆေးဝါးနှင့် နေထိုင်စရာကို လိုအပ်သကဲ့သို့ လိုအပ်သည်။ သတင်းအချက်အလက်များက အသက်၊ အသက်မွေးဝမ်းကျောင်းမှုနှင့် အရင်းအမြစ်များကို ကယ်တင်နိုင်သည်။ သတင်းအချက်အလက်များက အင်အားကို ပေးစွမ်းနိုင်သည်။"

နိုင်ငံတကာ ကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့ချုပ် (IFRC), အထွေထွေအတွင်းရေးမှူးချုပ်၊ ကမ္ဘာလုံးဆိုင်ရာ သဘာဝဘေးအန္တရာယ်များ အစီရင်ခံစာ၊ ၂၀၀၅ ခုနှစ်

### သတင်းအချက်အလက်များက အင်အားကို ပေးစွမ်းနိုင်သည်။

"လက်တွေ့အခြေအနေများအရ သတင်းအချက်အလက်များမှာ အင်အားဖြစ်သည်။ ဒုက္ခသည်များအား ၎င်းတို့စိုးရိမ်ပူပန်သော ကိစ္စများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ ပေးနိုင်လေ ၎င်းတို့အနေနှင့် ပိုမိုပါဝင်လာပြီး လုပ်ကိုင်နိုင်စွမ်း ရှိလာလေဖြစ်သည်။ တိကျပြီး အချိန်နှင့်တစ်ပြေးညီဖြစ်သော သတင်းများသည် သူတို့အားသိနားလည်ပြီး ရွေးချယ် ဆုံးဖြတ်မှုများအား ပြုလုပ်နိုင်စေသည်။ ဒုက္ခသည်လူထုနှင့် သတင်းများ မျှဝေပေးခြင်းသည် ယုံကြည်မှု၊ ပွင့်လင်းမှု နှင့် လေးစားမှုတို့ကို သရုပ်ဖော်ပြ၍ ၎င်းတို့အနေနှင့် အချက်အလက် အပေါ် အခြေခံသော မှန်ကန်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်စွမ်းကိုလည်း ဖော်ပြသည်။"

UNHCR စခန်းနှင့် စုစည်းနေထိုင်ရာနေရာများတွင် လက်တွေ့ကာကွယ်စောင့်ရှောက်မှု၊ သီးခြား ကာကွယ်စောင့်ရှောက်မှု ဆိုင်ရာ ကိစ္စရပ်များ

အမျိုးသမီး၊ အမျိုးသား၊ မိန်းကလေး၊ ယောက်ျားလေးများမှ သတင်းအချက်အလက်များကို သေချာစွာ လက်ခံရရှိ နားလည်စေရန်အတွက် နည်းဗျူဟာမျိုးစုံ သုံးရန် လိုအပ်သည်။ အောက်ပါတို့မှာ အရေးကြီးသော အချက်များ ဖြစ်သည်။

- ကျယ်ပြန့်စွာ ဖြန့်ဝေခြင်းမပြုမီ အဓိကအချက်များအား မည်သို့တင်ပြရမည်ကို သိရှိနိုင်ရန် ဦးစွာ သတင်း အချက် အလက်ကို ကွင်းဆင်းစစ်ဆေး၍ ပြင်ဆင်ရမည်။
- အချို့စကားလုံးများနှင့်ကိုယ်ဟန်မူယာတို့မှာ ကွဲပြားသောအုပ်စုများအတွက် ခြားနားစွာ သက်ရောက်မှု ရှိစေနိုင် ကြောင်း သိနားလည်ရမည်။
- အဓိကသတင်းအချက်အလက်များကို ပုံစံကျနှင့် အလွတ်သဘော နည်းလမ်းမျိုးစုံ သုံး၍ ဖြန့်ဝေရမည်။ ဥပမာ - အစည်း အဝေးများကျင်းပခြင်း၊ သွားလာနိုင်မှုနည်းသူများအတွက် တစ်အိမ်တက်ဆင်း ဆက်သွယ်ခြင်း၊ ရေဒီယိုနှင့် သတင်းစာ ကြော်ငြာများ၊ သတင်းကြော်ငြာသင်ပုန်း၊ လူထုထဲမှ အရေးပါသော ပုဂ္ဂိုလ်က မိန့်ကြားရှင်းပြခြင်း၊ ဘာသာ ရေးခေါင်းဆောင်များ၊ ကျောင်းဆရာများ စသည့် ပညာတတ်၊ လေးစားခံရသူများကို လူထု စည်းရုံးနှိုးဆော်သူများအဖြစ် ငှားရမ်းခြင်း နှင့် ဆွေးနွေးပွဲများ ကျင်းပခြင်း
- သတင်းအချက်အလက်များကို နားလည်ပြီး ဆောင်ရွက်ခြင်းရှိမရှိ နောက်ဆက်တွဲ ဆက်လက် ဆန်းစစ်ခြင်း။ ဤသည်မှာ သတင်းအချက်အလက်များကို နားလည်သဘောပေါက်ခြင်း ရှိမရှိကို သိရှိနိုင်ရုံ မကဘဲ ဆွေးနွေးနေသည့် အရေးကိစ္စများမှ အရေးပါသောအချက်များကို ရရှိစေနိုင်သော်လည်း မကြာခဏပင် သတိမမူဘဲ ရှိတတ်သည်။

☞ သတင်းအချက်အလက် စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ထပ်မံသိရှိလိုပါက အခန်း (၅) - သတင်းအချက်အလက် စီမံခန့်ခွဲမှုတွင် ကြည့်ပါ။

အောက်ပါဇယားမှာ သတင်းအချက်အလက်များဖြန့်ဝေပေးနိုင်သည့် ဆက်သွယ်ရေးနည်းဗျူဟာများကို ကောင်းစွာ ခြုံငုံဆန်းစစ်တင်ပြထားသည်။

| လုပ်ငန်း | အားသာချက် | စိန်ခေါ်မှု |
|---|---|---|
| ကြော်ငြာသင်ပုန်း | • ကြေညာချက်များ၏ အသေးစိတ်အချက် အလက်များကို စာရင်းပြုစုတင်ပြနိုင်ပြီး ညွှန်းပြနိုင်သည်။<br>• သတင်းအချက်အလက်များမှာ စခန်းတွင်နေထိုင်သူအားလုံးအတွက် တစ်ပြေးညီ ဖြစ်စေသည်။ | • သတင်းအချက်အလက်ကို သိရှိရန် လိုအပ်သူများသည် ကြော်ငြာသင်ပုန်း ကို မဖတ်ဘဲ ဖြတ်ကျော်သွားနိုင်ပြီး အချို့မှာ မဖတ်တတ်ဘဲ ရှိနိုင်သည်။ |
| ပုံပြသင်ပုန်း | • စာမတတ်သူများအတွက် အဆင်ပြေသည်။<br>• သတင်းအချက်အလက်ကို ပြန်လည် အမှတ် ရရန် လွယ်ကူသည်။ | |
| လူထုအစည်းအဝေးများ | • ထုတ်ပြန်ကြေညာရန်အတွက် ရိုးရှင်းသော နည်းလမ်းဖြစ်ပြီး အားလုံးအတွက် မေးခွန်း များ ဖြေပေးရန်အချိန်ကို ပေးနိုင်သည်။ | • စခန်းရှိ နေထိုင်သူအားလုံးမှ လာနိုင်ခြင်း၊ ကြိုဆိုခံရခြင်း၊ တက်ရောက်ရန် သက်တောင့်သက်သာ ခံစားရခြင်းတို့ ရှိကောင်းမှရှိပေမည်။ |
| အိမ်များသို့ သွားရောက်ခြင်း | • အိမ်တွင်သာနေထိုင်ရသောသူများ ထံသို့ ရောက်ရှိနိုင်သည်။ | • ဝန်ထမ်းများအဖို့ အချိန်အများအပြား ပေးရသည်။<br>• ဝန်ထမ်းများ မဖြေနိုင်သော မေးခွန်း များ မေးလာနိုင်သည်။ |
| ပြဇာတ် | • တီထွင်မှုရှိသည်။ ကျယ်ပြန့်စွာ ပျော်ရွှင် စိတ်ဝင်စားမှု ပေးနိုင်သည်။<br>• မှတ်မိရန် လွယ်ကူစေနိုင်သည်။ | • သတင်းအချက်အလက်များပေးရာ၌ သူတို့၏ ကိုယ်ပိုင် နိုင်ငံရေး လုပ်ငန်းစဉ်များ ပါဝင်နိုင်သည်။ |
| အရေးပါသော ခေါင်းဆောင်များ | • လေးစားခံရနိုင်သည်။ | • သတင်းအချက်အလက်များပေးရာ၌ သူတို့၏ ကိုယ်ပိုင် နိုင်ငံရေး လုပ်ငန်းစဉ်များ ပါဝင်နိုင်သည်။ |
| ဓလေ့ထုံးတမ်း ပုံပြင်များကို | • မှတ်မိရန်လွယ်ပြီး ဖျော်ဖြေမှုဖြစ်စေသည်။ | • သတင်းအချက်အလက်အသစ်ထက် မူလဇာတ်လမ်း အဆုံးသတ်ကိုသာ မှတ်မိခြင်း ဖြစ်နိုင်သည်။ |
| သီချင်းများ | • မှတ်မိရန်လွယ်ပြီး ဖျော်ဖြေမှု ဖြစ်စေသည်။ | • အကြောင်းအရာတိုင်းအတွက်မှ သင့်တော်မည်မဟုတ်ပါ။<br>• ရှည်လျားသော သတင်းစကားများ အတွက် တိုလွန်းသော နည်းလမ်း ဖြစ်နေနိုင်သည်။ |

| | | |
|---|---|---|
| စခန်းတွင် ချိတက်ပြသခြင်း | • လူထုအစည်းအဝေး သို့မဟုတ် ဘာသာရေးပွဲ များကို လတ်တလော စိတ်မဝင်စားနိုင်သူများအား အသိပေးရန် အလွန်အဆင်ပြေ နိုင်သည်။<br>• ကျင်းပမှု ပုံစံဖြစ်သည်။ | • အမေးအဖြေများ မပြုလုပ်နိုင်ပါ။ |
| ရေဒီယိုမှ ကြေညာခြင်း | • ကျယ်ပြန့်စွာ သိရှိစေနိုင်သည်။<br>• အမျိုးသမီးရော အမျိုးသားပါ ဦးတည်အုပ်စု များမှလက်လှမ်းမီ နိုင်သည်။ | • ကုန်ကျစရိတ် ရှိနိုင်သည်။<br>• ပြန်လည်တုံ့ပြန်မှုအတွက် အစီအမံ ပြုလုပ်ထားရန်လိုသည်။ |
| မိုဘိုင်းဖုန်းမှ သတင်းစကားအတိုများ (SMS) | • လူအများထံသို့ ရောက်နိုင်သည်။<br>• ကုန်ကျစရိတ် မကြီးပါ။ | • မိုဘိုင်းဖုန်း ကွန်ယက်ရှိရန်လိုသည်။<br>• ချမ်းသာသူများ၌သာ ဖုန်းရှိနေခြင်း ဖြစ်နိုင်သည်။<br>• စာတတ်မြောက်မှုနည်းပါက မသုံး နိုင်ခြင်း<br>• ဖုန်းများ အားမဖြည့်ထားခြင်း<br>• ဦးတည်သူများ၏ ဖုန်းနံပါတ်များကို သိရှိရန် လိုခြင်း |

## စခန်းညှိနှိုင်းဆောင်ရွက်မှု နှင့် စခန်းအုပ်ချုပ်မှုတို့နှင့်အတူ နည်းဗျူဟာကျ အစီအစဉ်ရေးဆွဲရာတွင်ပါဝင်ခြင်း

စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် ၄င်း၏ ဝန်ထမ်းများအဖို့ စခန်းအား စီမံခန့်ခွဲရန်မှာ အဓိကဖြစ်သော်လည်း ရွေ့ပြောင်းနေထိုင်ရခြင်းနှင့် စပ်လျဉ်း၍ မိမိတို့ တာဝန်ယူ ဆောင်ရွက်ပေးနေရသည့် အတိုင်းအတာနှင့် အချိန်ကာလထက် ပို၍ ကျယ်ပြန့် သော နောက်ခံအကြောင်းချင်းရာများကို သိရှိနားလည်ရန် လိုအပ်သည်။ အစုအဖွဲ့၊ ကဏ္ဍ ဦးဆောင်အေဂျင်စီ၊ စခန်းအုပ်ချုပ်မှု၊ နိုင်ငံအာဏာပိုင် အဖွဲ့အစည်းတို့နှင့်အတူ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ သည် အောက်ပါတို့တွင် ပါဝင်ဆောင်ရွက်သင့်သည်။

- ➔ အခြေအနေ ပိုဆိုးလာခဲ့ပါက စခန်းအား စွန့်လွှတ်ထွက်ခွာနိုင်ရန် အပါအဝင် အရေးပေါ်အတွက် ကြိုတင် အစီအစဉ် ဆွဲခြင်း၊
- ➔ စခန်းများတွင် တုံ့ပြန်ဆောင်ရွက်ပေးရန် နိုင်ငံအဆင့်၊ ဒေသအဆင့် နည်းဗျူဟာများ
- ➔ ထွက်ခွာရန် နည်းဗျူဟာများနှင့် စခန်းပိတ်သိမ်းခြင်း အစီအစဉ် တို့ကို တတ်နိုင်သရွေ့ စောစီးစွာ စဉ်းစား ထားရန်
- ➔ စခန်းများမှာ အချိန်အကန့်အသတ်တစ်ခုအတွင်းသာ ခိုလှုံစရာနှင့် လုံခြုံမှုတို့ကို ပေးနိုင်မည်ဖြစ်ပြီး နောက်ဆုံး မတတ်သာသည့် အခြေအနေမှသာ နေထိုင်ကြရန်ဖြစ်သဖြင့် စခန်းလူထုအနေနှင့် ရေရှည် တည်တန့်သော ဖြေရှင်းမှုများ ရှာဖွေနိုင်ရန်အတွက် စွမ်းဆောင်နိုင်စေရန်

### ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီအတွက် ဆန်းစစ်ရန် လုပ်ငန်းစာရင်း

**ဝန်ထမ်းများအား ခန့်အပ်တာဝန်ပေးခြင်း၊ သင်တန်းပေးခြင်း နှင့် ပံ့ပိုးကြီးကြပ်ခြင်း**

- ✔ စခန်းအဆင့် အဖွဲ့ဝင် ဝန်ထမ်းများ၌ ကာကွယ်စောင့်ရှောက်မှု၊ အကူအညီပေးခြင်း၊ နည်းပညာကဏ္ဍများ၊ အုပ်ချုပ်စီမံမှု၊ ဆက်သွယ်ရေးနည်းပညာ (IT)၊ ပစ္စည်းပစ္စယများ စီမံခန့်ခွဲမှု၊ သတင်းအချက်အလက် စီမံခန့်ခွဲမှု နှင့် လူထုအား စည်းရုံး နှိုးဆော်မှု တို့အတွက် အချိုးညီ မျှတသော ကျွမ်းကျင်မှုများနှင့် စွမ်းဆောင်ရည်များ ရှိခြင်း
- ✔ အကောင်းဆုံးအနေနှင့် စခန်းရှိ အမျိုးသားနှင့် အမျိုးသမီး အချိုးအစားနှင့် အထူးစောင့်ရှောက်မှု လိုအပ်သူ အချိုးအစား တို့ကိုလိုက်၍ အဖွဲ့ထဲတွင် အမျိုးသမီးများ လုံလောက်စွာ ပါဝင်ခြင်း

- ✔ စခန်းစီမံခန့်ခွဲမှု ဝန်ထမ်းတိုင်းတွင် ရှင်းလင်းသော လုပ်ဆောင်ရန် ရည်ညွှန်းစာရင်း (Terms of Reference)၊ အလုပ် တာဝန် ဖော်ပြချက်၊ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ ရှိခြင်း
- ✔ စောင့်ကြည့်ကြီးကြပ်ရန်နှင့် ဝန်ထမ်း၏ ဆောင်ရွက်မှုအပေါ် ဆန်းစစ်ရန်တို့အတွက် ရှင်းလင်းသော လုပ်ငန်းစဉ်များ ရှိခြင်း
- ✔ ဝန်ထမ်းများအတွက် သင်တန်းနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်နှင့် ဘဏ္ဍာငွေ ရှိခြင်း
- ✔ ကာကွယ်စောင့်ရှောက်မှုနှင့် ပတ်သက်၍ သိရှိသတိပြုမိစေရန် ဝန်ထမ်းများအား အထူးသီးခြား သင်တန်းပေးပြီး ဖြစ်ခြင်း
- ✔ PSEA ပတ်သက်၍ သိရှိသတိပြုမိစေရန် ဝန်ထမ်းများအား အထူးသီးခြား သင်တန်းပေးပြီးဖြစ်ခြင်း
- ✔ စခန်းစီမံခန့်ခွဲမှု အေဂျင်စီမှ တာဝန်ခံယူထားသည့် လုပ်ငန်းများကို ဝန်ထမ်းအားလုံး ရှင်းလင်းစွာ နားလည်ခြင်း
- ✔ ဝန်ထမ်းအားလုံးအား ဆီလျော်သည့် ဘာသာစကားဖြင့် ကျင့်ဝတ်စည်းမျဉ်းများကို သင်ကြားပေးပြီး ၎င်းတို့က သဘောတူ လက်မှတ်ရေးထိုးထားပြီးဖြစ်ခြင်း
- ✔ အထူးစောင့်ရှောက်မှု လိုအပ်သူများအတွက် လိုအပ်သည်များကို စီမံချက်တွင် ထည့်သွင်းပါဝင်စေရန် ဝန်ထမ်းများအား သင်တန်းပေးထားခြင်း
- ✔ ဝန်ထမ်းများရရှိသော သင်တန်းများတွင် စံနှုန်းများ၊ မူဝါဒများ နှင့် လမ်းညွှန်များမှာ တစ်စိတ်တစ်ပိုင်း အဖြစ်ပါဝင်ခြင်း

## အကူအညီများနှင့် ဝန်ဆောင်မှုပေးခြင်းတို့ကို ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်း

- ✔ စခန်းလူထု၏ ကာကွယ်စောင့်ရှောက်မှုနှင့် အကူအညီ လိုအပ်ချက်များကို ပြည့်စုံစွာ ဆန်းစစ်ပြီးဖြစ်ခြင်း
- ✔ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်း လုပ်ငန်းစဉ်များကို ပါဝင်ပတ်သက်သူအားလုံးမှ သဘောတူညီ ထားပြီး ကောင်းစွာ ဆက်သွယ်အသိပေးထားပြီးဖြစ်ခြင်း
- ✔ စခန်းအဆင့်တွင် စဉ်ဆက်မပြတ် စောင့်ကြည့်ကြီးကြပ်မှုများသည် စခန်းတစ်ခုလုံး၏ တုံ့ပြန်ဆောင်ရွက်ပေးရေး နည်းဗျူဟာများနှင့် ဆီလျော်ကိုက်ညီမှုရှိခြင်း
- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းအဆင့်တွင် ညှိနှိုင်းဆောင်ရွက်မှုများကို ထိရောက်စွာ ပြုလုပ်နိုင်ရန် ယုံကြည် ခံရခြင်းနှင့် တရားဝင်အခွင့်အရေးများ ရှိခြင်း
- ✔ စခန်းတွင် အပတ်စဉ် သို့မဟုတ် တစ်ပတ်နှစ်ကြိမ် ညှိနှိုင်းအစည်းအဝေးများ ကျင်းပခြင်း
- ✔ စခန်းတွင် ကဏ္ဍအလိုက် အစည်းအဝေးများ ပုံမှန်ကျင်းပခြင်း
- ✔ စဉ်ဆက်မပြတ် လူထုအခြေပြု ဆန်းစစ်မှုများနှင့် စောင့်ကြည့်ကြီးကြပ်မှုစနစ်များ ရှိနေခြင်း
- ✔ အမျိုးသမီးများ၊ ကလေးများနှင့် အထူးစောင့်ရှောက်မှု လိုအပ်သူများ အပါအဝင် လူထုပါဝင်ဆောင်ရွက်မှု နည်းဗျူဟာ များအား စောင့်ကြည့်ကြီးကြပ်ခြင်း
- ✔ ရရှိနိုင်သော နိုင်ငံတော်၏ ဝန်ဆောင်မှုများအား စည်းရုံးနိုးဆော်၍ စခန်းလူထုအား အကျိုးပြုနိုင်စေရန် ညှိနှိုင်း ဆောင်ရွက်ခြင်း
- ✔ ဝန်ဆောင်မှုပေးသူများသည် စခန်းလူထုအား အကျိုးပြုနိုင်ရန် တူညီသော ရည်မှန်းချက်အတွက် ညှိနှိုင်း၍ လက်တွဲ ပူးပေါင်းဆောင်ရွက်ခြင်း
- ✔ ကဏ္ဍအလိုက် လုပ်ငန်းများအား စောင့်ကြည့်ကြီးကြပ်ရာတွင် ကာကွယ်စောင့်ရှောက်မှုကို ထည့်သွင်းစဉ်းစား ပါဝင် စေခြင်း
- ✔ အထူးလိုအပ်ချက်ရှိသူ နှင့် အန္တရာယ်ကျရောက်လွယ်သူ အုပ်စုများနှင့် တစ်ဦးချင်းတို့အား ကာကွယ်ပေး၍ ဂရုစိုက် စောင့်ရှောက်မှုကို စောင့်ကြည့်ကြီးကြပ်ခြင်း
- ✔ ကာကွယ်စောင့်ရှောက်မှုကို စောင့်ကြည့်ကြီးကြပ်ရာတွင် ဝန်ထမ်းများအတွက် သင်တန်းများပေးခြင်း၊ လျှို့ဝှက်ချက် ထိမ်းသိမ်းမှုနှင့် တုံ့ပြန်ဆောင်ရွက်ပေးနိုင်စွမ်းတို့အား အလေးထားဆောင်ရွက်ခြင်း
- ✔ သီးခြားကဏ္ဍများအလိုက် စီမံချက်များမှာ ဓလေ့ထုံးစံ၊ ဘာသာရေးနှင့် လူမှုရေးအရ သင့်လျော်မှုရှိမရှိကို စောင့်ကြည့်ကြီးကြပ်ခြင်း
- ✔ လုပ်ငန်းအားလုံးအတွက် သတင်းပို့ အစီရင်ခံရန်နှင့် တုံ့ပြန်မှုပေးသည့်စနစ်များ ရှိရန် စောင့်ကြည့်ကြီးကြပ်ခြင်း
- ✔ စခန်းလူထုအပါအဝင် ပါဝင်ပတ်သက်သူ အမျိုးမျိုးတို့၏ အမြင်နှင့် စိုးရိမ်ပူပန်မှုတို့ကို အစီရင်ခံစာများတွင် ပါဝင်ဖော်ပြခြင်း
- ✔ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်းတို့မှ ရရှိခဲ့သော သင်ခန်းစာများကို အနာဂါတ် အစီအစဉ်များ ဆွဲရာတွင် ပါဝင်အသုံးချနိုင်ရန် အစီအမံများရှိခြင်း
- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းတွင်း၌ အကူအညီနှင့် ကာကွယ်စောင့်ရှောက်မှု စီမံချက်များ ရရှိသေချာစေရန်

ညှိနှိုင်းဆောင်ရွက်၍ စောင့်ကြည့်ကြီးကြပ်ခြင်း

- ✔ လုံလောက်ဆီလျော်သော စံနှုန်းများ၊ အညွှန်းကိန်းများ၊ မူဝါဒများနှင့် လုပ်ငန်းလမ်းညွှန်များ ရေးဆွဲ သတ်မှတ်ထားပြီး စခန်းအဆင့်လုပ်ငန်းများအား ပံ့ပိုးနိုင်ရန် ဖြန့်ဝေပေးထားခြင်း
- ✔ စခန်းစီမံခန့်ခွဲမှုစီမံချက်၏ရည်ရွယ်ချက်နှင့် စွမ်းဆောင်ရည်များသည် ရှင်းလင်း၍ပွင့်လင်းမြင်သာပြီး စခန်း၏တုံ့ပြန်ဆောင်ရွက်မှု နည်းဗျူဟာတစ်ခုလုံးနှင့် ဆီလျော်ကိုက်ညီစေခြင်း
- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် သဘောတူညီထားသော စံနှုန်းများအတိုင်း လေးစားလိုက်နာကြစေရန် အစုအဖွဲ့၊ ကဏ္ဍ ဦးဆောင်အေဂျင်စီများနှင့် ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်ခြင်း
- ✔ စံနှုန်းများအား စောင့်ကြည့်လေ့လာ၍ ပုံမှန်အစီရင်ခံရန်

## အုပ်ချုပ်စီမံမှုနှင့် လူထုပါဝင်ဆောင်ရွက်မှု အစီအမံများ ထူထောင်ရန်

- ✔ ဒေသခံခေါင်းဆောင်များအား မှန်မှန် ပါဝင်စေ၍ တွေ့ဆုံဆွေးနွေးခြင်း
- ✔ ခေါင်းဆောင်မှုမှာ ကိုယ်စားပြု ပါဝင်ခြင်းရှိစေပြီး စခန်းလူထုမှ တရားဝင်သည်ဟု ထင်မြင်ယူဆမှုရှိခြင်း
- ✔ စခန်းခေါင်းဆောင်များအတွက် သဘောတူညီထားသော ကျင့်ဝတ်စည်းမျဉ်းများ ရှိခြင်း
- ✔ စခန်းလုပ်ငန်းများ ဆောင်ရွက်ရန် နှင့် ဝန်ဆောင်မှုများ ပေးရန် လူထုပါဝင်သော နည်းဗျူဟာများနှင့် စုဝေးပွဲများ အသုံးပြုခြင်း
- ✔ ကလေးများ၊ အမျိုးသမီးများနှင့် အခြား အခက်အခဲရှိသော အုပ်စုများမှ အဖွဲ့ဝင်များအတွက် ၎င်းတို့၏ ပူပန်မှုများ၊ အကြံဉာဏ်များနှင့် မေးခွန်းများအား တင်ပြပြောဆိုနိုင်ရန် သင့်လျော်သော အခွင့်အလမ်းများပေးခြင်း
- ✔ စခန်း၏ သက်ဝင်လှုပ်ရှားမှုများတွင် အထူးလိုအပ်ချက်ရှိသူ အုပ်စုများကို ပါဝင်စေခြင်း
- ✔ စခန်းတွင်းရှိ ဝန်ဆောင်မှုများနှင့် စီမံချက်များအကြောင်း သတင်းအချက်အလက်များကို ကောင်းစွာ စုစည်းဖော်ပြပြီး ဖြန့်ဝေပေးခြင်း
- ✔ လူထု ညှိနှိုင်းစည်းဝေးပွဲ၊ အစီအမံများ နှင့် သတင်းအချက်အလက်ဖြန့်ဝေရာ လမ်းကြောင်းများမှာ ထိရောက်မှုရှိခြင်း
- ✔ ကဏ္ဍအလိုက်နှင့် ကဏ္ဍအားလုံးနှင့် သက်ဆိုင်သော ကိစ္စရပ်များအတွက် စခန်းကော်မီတီများ ဖွဲ့စည်းထားခြင်း
- ✔ စခန်းကော်မီတီများအတွက် ရှင်းလင်း၍ အားလုံးသဘောတူသော လုပ်ငန်းရည်ညွှန်းချက်များရှိခြင်း
- ✔ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် စခန်းလူထုမှ ကိုယ်စားပြု ပါဝင်နိုင်ခြင်း
- ✔ စခန်းလူထု၏ တုံ့ပြန်တင်ပြချက်များမှတစ်ဆင့် ပြုပြင်ပြောင်းလဲမှုများနှင့် စီမံချက် အစီအစဉ်ရေးဆွဲသည့် လုပ်ငန်း စဉ်များ ရှိခြင်း

## စခန်း အခြေခံအဆောက်အဦအား ထိမ်းသိမ်းခြင်းကို သေချာစေရန်

- ✔ စခန်း အခြေခံအဆောက်အဦသည် စံနှုန်းများ၊ အညွှန်းကိန်းများနှင့် ကိုက်ညီခြင်း
- ✔ လက်ရှိစံနှုန်းများသည်ရွှေ့ပြောင်းနေထိုင်ရသူများအတွက် ဂုဏ်သိက္ခာရှိသော ဘဝ ရရှိခွင့် ဟူသော အခြေခံ လူ့အခွင့်အရေးကို ရရှိခံစားနိုင်စေခြင်း
- ✔ ကဏ္ဍအလိုက် ဝန်ဆောင်မှုပေးသူများသည် စခန်း အခြေခံအဆောက်အဦအား ပြင်ဆင်ထိမ်းသိမ်းရန် စွမ်းဆောင်ရည် ရှိခြင်း
- ✔ နိုင်ငံ့အာဏာပိုင်များသည် သင့်လျော်သည့်အခါ စခန်း အခြေခံအဆောက်အဦများအား ထိမ်းသိမ်းရန် တာဝန်ယူ နိုင်သော စွမ်းဆောင်ရည်ရှိခြင်း
- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်း အခြေခံအဆောက်အဦများအား ထိမ်းသိမ်းရန် လိုအပ်သည့်အခါ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်သော စွမ်းဆောင်ရည်ရှိခြင်း
- ✔ ရွှေ့ပြောင်းနေထိုင်ရသူများ၏ ယေဘုယျ နေထိုင်မှု အခြေအနေနှင့် လူမှုရေး ဖွဲ့စည်းမှုများသည် အထူး လိုအပ်ချက် ရှိသူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်သည့် အခြေအနေရှိခြင်း
- ✔ စခန်း အခြေခံအဆောက်အဦ၏ အခြေအနေကို အစုအဖွဲ့၊ ကဏ္ဍ ဦးဆောင်အေဂျင်စီထံ သတင်းပို့ အစီရင်ခံရန်နှင့် ညှိနှိုင်းအစည်းအဝေးများတွင် တင်ပြရန်

## သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း

- ✔ စခန်းတွင် မကျေနပ်ချက်တိုင်ကြားရန်နှင့် တုံ့ပြန်သတင်းပေးရန် အစီအမံများရှိခြင်း
- ✔ အခွင့်အရေးချိုးဖောက်မှုနှင့် အလွဲပြုမှုများအတွက်သတင်းပို့တိုင်ကြားရန်နှင့် ညွှန်းပို့ရန် စနစ်များရှိခြင်း
- ✔ အမျိုးသမီး၊ ကလေးနှင့် မသန်စွမ်းသူများအပါအဝင် စခန်းလူထုသည် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အလွဲပြုကျင့်မှုများအား မည်သူထံသို့ သတင်းပို့တိုင်ကြားရမည်ကို သိရှိခြင်း
- ✔ အချက်အလက်များကို စီမံခန့်ခွဲရန်နှင့် အစီရင်ခံတင်ပြရန် ကျွမ်းကျင်တတ်မြောက်သော ဝန်ထမ်း ငွေးရမ်း ခန့်ထားခြင်း
- ✔ စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် သတင်းအချက်အလက် စီမံခန့်ခွဲမှုအတွက် အစုအဖွဲ့၊ ကဏ္ဍဦးဆောင် အေဂျင်စီနှင့် နီးကပ်စွာ လက်တွဲလုပ်ဆောင်ခြင်း
- ✔ ထိရောက်သော သတင်းအချက်အလက် စီမံခန့်ခွဲမှုအတွက် နိုင်ငံအာဏာပိုင်များ ပါဝင်ဆောင်ရွက်ခြင်း
- ✔ စခန်းအဆင့်တွင် မည်သူက မည်သည့်အချက်အလက်များကို မည်သည့်အတွက် ကောက်ယူမည်ကို ဝန်ဆောင်မှုပေးသူများနှင့် သဘောတူညီမှု ရယူထားခြင်း (ထပ်ပြန် ကောက်ယူမှုများကို ရှောင်ရှားရန် နှင့် စခန်းလူထုအတွက် မကြာခန စာရင်းပေးရခြင်းကြောင့် မပင်ပန်းစေရန်)
- ✔ စခန်းလူထုအား မှတ်ပုံတင် စာရင်းသွင်းထားခြင်း၊ စဉ်ဆက်မပြတ် မှတ်ပုံတင် စာရင်းသွင်းသည့်စနစ် ထူထောင် ထားခြင်း
- ✔ လူဦးရေဆိုင်ရာ အသေးစိတ် အချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ မှန်မှန် ပြုစုထားခြင်း၊
- ✔ အချက်အလက်များကို လုံခြုံသောနေရာတွင် သိမ်းဆည်း၍ လျှို့ဝှက်ချက်ထိမ်းသိမ်းမှုဖြင့် အသုံးပြုခြင်း
- ✔ စခန်းသာယာဝပြောမှုဆိုင်ရာကိစ္စများအတွက် နောင်ဖြစ်လာမည့် အခြေအနေနှင့် နှိုင်းယှဉ်နိုင်ရန် အခြေခံ အချက်အလက် များ စုစည်းပြုစုထားခြင်း
- ✔ စခန်းစီမံခန့်ခွဲမှု ဝန်ထမ်းများအား အချက်အလက်ကောက်ယူမှုအတွက် သင်တန်းပေးထားခြင်း၊ အချက်အလက်များကို အကြောင်းရင်းရှိမှသာ ကောက်ယူခြင်း
- ✔ အချက်အလက်များကို စိတ်ဖြာဆန်းစစ်၍ ဝန်ဆောင်မှုပေးသူအားလုံးအတွက် အကျိုးရှိစေရန် ဖြန့်ဝေပေးခြင်း
- ✔ အချက်အလက်များကို သေချာစေရန် ထပ်မံ စစ်ဆေးခြင်း နှင့် အချိန်နှင့်တစ်ပြေးညီဖြစ်စေခြင်း
- ✔ ကောက်ယူသောအချက်အလက်များအတွက် တုံ့ပြန်ဆောင်ရွက်ပေးနိုင်သည့် စွမ်းဆောင်ရည်ရှိခြင်း

## အချက်အလက်များဖြန့်ဝေခြင်း

- ✔ ဆီလျော်စွာ အသုံးပြုနိုင်သော ကျင့်ဝတ်စည်းမျဉ်း နှင့် ဆိုင်သည့် အချက်အလက်များကို စခန်းလူထုမှ ရရှိ၊ သိရှိနိုင်စေခြင်း
- ✔ စခန်းစီမံခန့်ခွဲအေဂျင်စီ၏ တာဝန်ခံယူထားသော လုပ်ငန်းများနှင့် စီမံချက်အစီအစဉ်များကို စခန်းလူထုမှ ရရှိ၊ သိရှိနိုင်စေခြင်း
- ✔ စခန်းလူထုမှ စခန်းစီမံခန့်ခွဲအေဂျင်စီ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို သိရှိခြင်း
- ✔ စခန်းစီမံခန့်ခွဲအေဂျင်စီနှင့် စခန်းလူထုတို့အကြားတွင် ယုံကြည်မှုနှင့် အပြန်အလှန် လေးစားမှုအပေါ် အခြေခံသော ဆက်ဆံရေးရှိခြင်း
- ✔ စခန်းလူထုနှင့် အပြန်အလှန် ပြောဆိုဆက်သွယ်ရာတွင် ဒေသခံ ဘာသာစကား(များ) ကို အသုံးပြုခြင်း
- ✔ စကားပြန် အသုံးပြုပါက ပေးလိုသော သတင်းစကား၏ မှန်ကန်မှုအတွက် ပြန်လည်စစ်ဆေးခြင်း
- ✔ သတင်းအချက်အလက် မျှဝေပေးသော လမ်းကြောင်း နှင့် အစီအမံ မျိုးစုံကို အသုံးပြုခြင်း
- ✔ စာမတတ်သူများအတွက် သင့်လျော်သလို စီစဉ်ဆောင်ရွက်ပေးခြင်း
- ✔ ရှုပ်ထွေးသော သတင်းအချက်အလက်များကို ဂရုပြု၍ ရှင်းလင်းစေခြင်း
- ✔ စခန်းလူထုမှ သတင်းအချက်အလက်များ ရရှိရန် နှင့် ပေးရန် လမ်းကြောင်းများကို သိရှိခြင်း၊
- ✔ စခန်းကော်မတီနှင့် အခြား ကိုယ်စားပြုအဖွဲ့များအား သတင်းအချက်အလက်များပေးရန် လမ်းကြောင်းအဖြစ် သုံးခြင်း
- ✔ စခန်းခေါင်းဆောင်များသည် စခန်းစီမံခန့်ခွဲအေဂျင်စီနှင့် စခန်းလူထုတို့အကြား ထိရောက်သော ဆက်သွယ်ရေး အတွက် ပံ့ပိုးပေးခြင်း
- ✔ ဆက်သွယ်ရေးဆိုင်ရာ အစီအမံများ ပုံစံချမှတ်ရေးဆွဲအသုံးပြုရာတွင် အထူးစောင့်ရှောက်မှုပေးရမည့်သူများအတွက် လိုအပ်ချက်များကို သိမှတ်ဆောင်ရွက်ခြင်း

- ✔ စခန်းလူထုနှင့် စခန်းစီမံခန့်ခွဲမှု အေဂျင်စီတို့အကြား သဘောထား မကိုက်ညီမှုများ၊ အငြင်းအခုံများ ရှိပါက ဖြေရှင်း ဆောင်ရွက်ရန်အတွက် ထိရောက်သော နည်းလမ်းများကို သဘောတူ ထားရှိခြင်း
- ✔ စခန်းစီမံခန့်ခွဲမှုဝန်ထမ်းများအနက် ဆက်သွယ်ရေးအတွက် အဓိကတာဝန်ပေးထားသောဝန်ထမ်း ရှိခြင်း
- ✔ စခန်းလူထုနှင့် စခန်းစီမံခန့်ခွဲမှု အေဂျင်စီတို့အကြား ဆက်သွယ်ရေးသည် လုံခြုံစိတ်ချရ၍ လက်လှမ်းမီပြီး နှစ်လမ်းသွား စနစ် ဖြစ်ခြင်း

**စခန်းညှိနှိုင်းဆောင်ရွက်မှုနှင့် အုပ်ချုပ်မှုတို့နှင့်အတူ နည်းဗျူဟာကျ အစီအစဉ်ရေးဆွဲရာတွင် ပါဝင်ရန်**

- ✔ စခန်း နှင့် စခန်းညှိနှိုင်းစီမံမှု အစုအဖွဲ့၊ကဏ္ဍတို့၌ အရေးပေါ်အခြေအနေအတွက် ကြိုတင်ပြင်ဆင်မှု အစီအစဉ် ရှိခြင်း
- ✔ ထွက်ခွာရန်အစီအစဉ်နှင့် စခန်းပိတ်သိမ်းရန်အတွက် အစီအစဉ်များ ရှိခြင်း
- ✔ ရွှေ့ပြောင်းနေထိုင်ရသူများ၊ အစုအဖွဲ့၊ကဏ္ဍခေါင်းဆောင်များ၊ နိုင်ငံအာဏာပိုင်များနှင့် နီးကပ်စွာလက်တွဲ ၍ ရေရှည်တည်တန့်သောဖြေရှင်းမှုအတွက် အလားအလာများကို ဆွေးနွေးပြီး အစီအစဉ်များ ပြုလုပ်ထားခြင်း

## အသုံးပြုနိုင်သည့် နည်းလမ်းအထောက်အကူများ

### အသုံးပြုနိုင်သည့် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်းများ

အောက်တွင် စာရင်းပြုစုဖော်ပြထားသော အသုံးပြုရန် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်း များ အားလုံးကို အီလက်ထရောနစ်စနစ်ဖြင့် စခန်းစီမံခန့်ခွဲမှုလက်စွဲစာအုပ် ပုံနှိပ်စာအုပ်တိုင်းနှင့်အတူ ပါရှိသည့် USB Memory stick မှငင်း၊ www.cmtoolkit.org ဝက်ဘ်ဆိုက်တွင်၄င်း ရရှိနိုင်ပါသည်။


– All in Diary, 2011. All in Diary. A practical Tool for Fieldbased Humanitarian Workers
– Catholic Agency for Overseas Development (CAFOD) Accountability Briefing, 2010. Information Sharing with Communities
– Camp Coordination and Camp Management (CCCM) Practical Guide. Camp Management Team (Agency)
– Draft/Generic Terms of Reference at Camp Level
– 2007. Camp Monitoring Form (sample from Darfur, Sudan)
– CCCM Cluster. Terms of Reference
– People In Aid, 2003. Code of Good Practice
– People In Aid, 2004. Information Note, Developing Managerial Competencies
– People In Aid, 2007. Behaviours which Lead to Effective Performance in Humanitarian Response (in the management and support of aid personnel)
– People in Aid, 2007. Information Note, Basic elements in a Human Resource System
– People In Aid/CIC. How To Better Manage Your Stress Levels
– Save the Children. Leaflet for Staff: Code of Conduct
– UN Refugee Agency (UNHCR), 2009. Guidelines on Setting Up a Community Based Complaints Mechanism Regarding Sexual Exploitation and Abuse by UN and non-Un Personnel


## ရည်ညွှန်းစာအုပ်စာတမ်းများ


– Active Learning Network for Accountability and Performance (ALNAP), 2003. Participation by Crisis- Affected Population in Humanitarian Action. A Handbook for Practitioners

- Collaborative Learning Projects, Do No Harm Project, 2004. The "Do No Harm" Framework for Analyzing the Impact of Assistance on Conflict: A Handbook
- CCCM Framework, 2006. IDP Camp Coordination and Camp Management – A Framework for UNHCR Offices
- Global CCCM Cluster, UNHCR/IOM, 2010 Collective Centre Guidelines
- Humanitarian Accountability Project (HAP), 2008. To Complain Or Not To Complain: Still The Question
- HAP, 2010. Change Starts with Us, Talk to Us!
- HAP, 2010. The 2010 HAP Standard in Accountability and Quality Management
- International Federation of Red Cross and Red Crescent Societies, 1992. Code of Conduct for the International Red Cross and Red Crescent Movement and NGOs in Disaster Relief
- International Organization for Migration, 2012. CCCM Cluster Update
- Oxfam Publishing, 2007. Impact Measurement and Accountability in Emergencies: The Good Enough Guide.
- Rebecca Macnair, 1995. Room for Improvement. The Management and Support of Relief and Development Workers